ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 14 December 2022 ၁၀၉၄၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်အနေဖြင့် နိုင်ငံတော် လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် လုပ်ဆောင်နေခြင်းဖြစ်ပြီး ထိုလမ်းကြောင်းပေါ်မှ သွေဖည်စေမည်မဟုတ်

## တိုင်းပြည်တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေ

နေပြည်တော် ဒီဇင်ဘာ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ဗလမင်းထင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**နိုင်ငံ့သမိုင်းကြောင်း ဖြတ်သန်းခဲ့မှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ**

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံ့သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက တိုင်းရင်းသားများ စုပေါင်းနေထိုင်လျက်ရှိသည့် မိမိတို့၏ ပြည်ထောင်စုနိုင်ငံတော်ကြီးအား နယ်ချဲ့အင်္ဂလိပ်တို့မှ သိမ်းပိုက်ခဲ့ပြီး တောင်တန်းပြည်မ သွေးခွဲအုပ်ချုပ်ခဲ့မှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အုပ်ချုပ်မှုပုံစံအမျိုးမျိုးဖြင့် ခွဲခြားအုပ်ချုပ်ခဲ့ချိန်မှစ၍ မိမိတို့ ပြည်ထောင်စုတိုင်းရင်းသားတို့၏ စိတ်အတွင်း၌ တိုင်းရင်းသားနယ်မြေများသည် ပြည်မမှ သီးခြားဖြစ်သည်ဟူသည့် အယူအဆများ ပေါ်ပေါက်လာခဲ့ကြောင်း၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

မြန်မာ-ရုရှား ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေး
စာမျက်နှာ » ၈

ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဝင်ငွေ အောက်တိုဘာလအတွင်း ၁၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်
စာမျက်နှာ » ၁၃

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် စဉ်ဆက်မပြတ်သုတေသန
ဆောင်းပါး စာမျက်နှာ » ၁၁

ပထမဆုံး အိမ်ရှင်အဖြစ် ကျင်းပမယ့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ-ဒေသတွင်း အဆင့်ပြိုင်ပွဲမှာ Winner ရရှိအောင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ
စာမျက်နှာ » ၁၆

ကြေးမုံ

# နိုင်ငံကာကွယ်တည်ဆောက်ရေး အဆင့်မြင့်နည်းပညာများဆည်းပူး

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာများကို စဉ်ဆက်မပြတ် တီထွင်ဆန်းသစ်အဆင့်မြှင့်တင်၍ မိမိနိုင်ငံကို တိုးတက်သည်ထက်တိုးတက်လာအောင် ကြိုးပမ်းစွမ်းဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ သိပ္ပံနှင့် နည်းပညာစွမ်းပကားဖြင့် စီးပွားရေး၊ လူမှုရေး၊ စစ်ရေး စသည့်ကဏ္ဍပေါင်းစုံ ခေတ်မီတိုးတက်လာအောင် ကြိုးပမ်းအားထုတ်ခြင်းဖြင့် မိမိနိုင်ငံ တင့်တယ်ဝင့်ထည် အင်းအားကြီးမားလာအောင် အပြိုင်အဆိုင် ကြိုးပမ်းနေကြသည်။ ခေတ်နှင့်အညီ အမီလိုက်ပါနိုင်ရန် မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်နေသည်။

“ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age) ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် “ပညာသည်သာ၊ အခရာ” ဖြစ်တည်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ရုန်းကန်နေရသည့် မိမိတို့နိုင်ငံအနေဖြင့် ပညာကို အခြေပြုပြီး နိုင်ငံတော်တည်ဆောက်ရေး (State Building) နှင့် တိုင်းပြည်တည်ဆောက်ရေး (Nation Building) တို့ကို အခြေခံကျကျ ဆောင်ရွက်နိုင်မှသာလျှင် ခေတ်နှင့်အညီ နိုင်ငံတကာနှင့် လျင်မြန်စွာ ရင်ပေါင်တန်း လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံအများစုသည် မိမိနိုင်ငံ ခေတ်မီတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ပညာရေးစနစ်သစ်အဖြစ် STEM ဟုခေါ်သည့် Science၊ Technology၊ Engineering နှင့် Mathematics ဘာသာရပ်များကို အခြေခံပညာရေးမှစတင်၍ အင်ဂျင်နီယာပညာရပ်နှင့် အင်ဂျင်နီယာဆိုင်ရာ အတွေးအခေါ်အယူအဆများကို ကျောင်းသင်ရိုးတွင် ထည့်သွင်းပြဋ္ဌာန်းပေးထားပြီး ကျောင်းသားကျောင်းသူများက လေ့လာဆည်းပူးနေကြသည်။ ၎င်းတို့ကို အင်ဂျင်နီယာပညာရေးစနစ်ဟုလည်း ခေါ်တွင်သည်။ အင်ဂျင်နီယာပညာရေးစနစ်သည် လူမှုစီးပွားဘဝများ ပြောင်းလဲတိုးတက်လာမှုအပေါ် မူတည်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လိုက်ပါပြောင်းလဲ သင်ကြားပေးသော ဘာသာရပ်ဖြစ်သည်။ အင်ဂျင်နီယာပညာရေးတွင် အခြေခံအားဖြင့် သင်္ချာနှင့် သိပ္ပံပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများသည် မရှိမဖြစ်လိုအပ်သည်။

ယခင်က သိပ္ပံသီအိုရီများနှင့် ပေါင်းစပ်သင်ကြားသည့်စနစ်မှ တီထွင်ဖန်တီးနိုင်မှု၊ တွေးခေါ်မြော်မြင်နိုင်မှု၊ အမှန်တကယ် တတ်မြောက်မှု၊ ဦးစားပေးမှုဟူသည့် အချက်များအပေါ်အခြေခံပြီး မျက်မှောက်ခေတ်တွင် အင်ဂျင်နီယာပညာရေးစနစ်အဖြစ် ကူးပြောင်းတိုးတက်လာသည်ကို တွေ့ရသည်။ မျက်မှောက်ကာလ စတုတ္ထစက်မှုတော်လှန်ရေး (Industry 4.0) ခေတ်တွင် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence–AI) အခြေပြုလုပ်ငန်းများကြောင့် ပညာရေးနယ်ပယ်၊ နည်းပညာနယ်ပယ်တို့တွင် စိန်ခေါ်မှုများစွာ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် (Industry 4.0) ကို အထောက်အပံ့ပေးနိုင်မည့် ပညာရေးစနစ်ဖြစ်သည့် (Education 4.0) အကောင်အထည်ဖော်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနှင့်အတူ လိုက်ပါပြောင်းလဲနိုင်ရန်အတွက် (Education 4.0) ပညာရေးစနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်လာသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်နိုင်ရန်အတွက် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နည်းပညာရပ်များကို ခေတ်နှင့်အညီအမီလိုက်ပြီး အသုံးချနိုင်စွမ်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသဖြင့် နောက်ကျမကျန်ဘဲ ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်ရန်လိုအပ်သည်ကို သတိပြုရမည်ဖြစ်သည်။ အင်ဂျင်နီယာနည်းပညာမဖွံ့ဖြိုးပါက တိုင်းပြည်ဖွံ့ဖြိုးရေး၊ ကာကွယ်ရေးသာမက ကဏ္ဍပေါင်းစုံတွင် အခက်အခဲများရှိလာမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံအချို့သည် နိုင်ငံတစ်နိုင်ငံကို စစ်ရေးနည်းလမ်းဖြင့် ကျူးကျော်ခြင်းမပြုလုပ်တော့ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေး၊ သံတမန်ရေး စသည့်အသွင်မျိုးစုံဖြင့် လွှမ်းမိုးချုပ်ကိုင်နိုင်ရန် ကြားခံ Proxy များထားပြီး လုပ်ကိုင်လာသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံကာကွယ်ရေးတို့ကို ခိုင်မာစွာတည်ဆောက်နိုင်ရန်အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ၊ အီလက်ထရွန်နစ်နည်းပညာများ၊ စက်မှုနည်းပညာများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် (Education 4.0) ပညာရေးစနစ်ကို အကောင်အထည်ဖော်ပြီး လေ့လာသင်ယူဆည်းပူးကြရန် လိုအပ်ပါကြောင်း။ ။




## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃ – ၁၂ –၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၈၃၈ | ၇,၅၇၄,၈၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၄,၆၄၄ | ၁၅,၃၂၇,၇၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၂၇ | ၂၀၅,၂၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၅၃၆ | ၁၀,၁၈၄,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁ | ၂,၆၀၀ |
| EFR | ၂,၆၅၀ | ၂,၇၀၀ | ၂ | ၅,၃၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၀၀ | ၉၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၁၃.၆ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၁.၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၃၃၆ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၄.၁၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၆၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၁.၀ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၄၉.၅ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၂၅.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၆၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

# အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော် လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင် ဘွဲ့ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅) နှင့် (၀၆၇-၃၄၁၂၇၁၆) သို့ (၂၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မြစ်ကြီးနားတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

တိုင်းပြည်ကို ယခုအချိန်အထိ အန္တရာယ်ပေးခဲ့သည့် အချက်တစ်ချက်လည်းဖြစ်ကြောင်း၊ ယခုနှစ်သည် မိမိတို့နိုင်ငံ၏ စိန်ရတုပြည်ထောင်စုနှစ်ဖြစ်ပြီး လာမည့်နှစ်တွင် စိန်ရတုလွတ်လပ်ရေးနှစ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ စိန်ရတုကာလသို့ ရောက်ရှိပြီဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများရှိနေဆဲဖြစ်ကာ ငြိမ်းချမ်းမှုအပြည့်အဝ မရရှိသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိနိုင်ငံ၏နိုင်ငံရေးသမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှု၊ အယူဝါဒကွဲပြားမှုများရှိခဲ့ကြောင်း၊ ၁၉၄၈ မတ်လတွင် ကွန်မြူနစ်ပါတီ တောခိုခဲ့ကြောင်း၊ ထို့နောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ်ခန့်တွင် တရုတ်ဖြူတို့ ကျူးကျော်ခဲ့သဖြင့် တပ်မတော်က ပြန်လည်တိုက်ထုတ်ခဲ့ရကြောင်း၊ ထို့ပြင် ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၊ အာဏာရပါတီတွင်း ပြဿနာများ ပေါ်ပေါက်လာခဲ့ပြီး ထိုစဉ်က ကမ္ဘာ၌ လက်နက်ကိုင်အဖွဲ့အစည်းအများဆုံး တိုင်းပြည်ဖြစ်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူတကွ ယှဉ်တွဲနေထိုင်နေသည့် ပြည်ထောင်စုကြီး မပြိုကွဲစေရေးအတွက် နိုင်ငံနှင့်အဝန်း ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

**လက်နက်ကိုင်ဆူပူမှုများအကြား ပြည်ထောင်စုကြီး မပြိုကွဲစေရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရ**

ထိုကဲ့သို့ နိုင်ငံရေးပြဿနာများ၊ လက်နက်ကိုင် ပဋိပက္ခများနှင့် ပါတီတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရ တက်လာခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က အုပ်ချုပ်ဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရာ၌ နိုင်ငံရေးသမားများ၊ ဆိုရှယ်လစ်စနစ်ကို ထောက်ခံသည့် ပြည်သူလူထုတို့နှင့် ပူးပေါင်း၍ လမ်းစဉ်ပါတီကို တည်ထောင်ကာ ၁၉၈၈ ခုနှစ်ထိ လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်း များစွာရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၏ အားနည်းချက်၊ စီမံခန့်ခွဲမှု အားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ၎င်းအရေးအခင်း၌ တိုင်းပြည်၏ အခြေအနေယိမ်းယိုင်လာခဲ့ပြီး အချုပ်အခြာအာဏာ ပြိုကွဲမည့် အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရပြီး ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏ လုပ်ငန်းများ ရပ်တန့်ခဲ့သဖြင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် တစ်ပါတီဆိုရှယ်လစ်စနစ်ကို မကြိုက်မနှစ်သက်ခြင်း၊ စီးပွားရေး ကျဆင်းခဲ့ရခြင်းတို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး ၎င်းနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုရေးဆွဲနိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များ ပါဝင်သော အမျိုးသားညီလာခံ၌ အချေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း။

ဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရတစ်ရပ် တက်လာခဲ့ပြီး တပ်မတော်အနေဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလတွင် ရွေးကောက်ပွဲအနိုင်ရသည့် အစိုးရသစ်တစ်ရပ် တက်လာခဲ့ကြောင်း၊ အစိုးရသစ်၏ စီမံခန့်ခွဲမှု အားနည်းချက်များရှိခဲ့ခြင်းကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့်လည်း နိုင်ငံ၏စီးပွားရေး ပိုမိုကျဆင်းခဲ့ကြောင်း၊ နိုင်ငံရေးအရ အသုံးချ၍ မရိုးမသား ဆောင်ရွက်မှုများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် အသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် မဲအနိုင်ရရှိရေး မသမာသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ပြီး မဲမသမာမှုဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှ ပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်ခေါ်ယူရန်အထိပင်ဖြစ်လာသဖြင့် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်များကို အခြေခံဥပဒေနှင့်အညီ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်လျှောက်လှမ်းနေသည့် စာမျက်နှာ ၄ သို့ ☆

- ❖ **ဝါးတစ်စည်းတွင် အစည်းပြေသွားပါက အားလျော့တတ်သကဲ့သို့ လူတို့တွင်လည်း အချင်းချင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာပါက စုစည်းညီညွတ်မှုအား ယုတ်လျော့ပြီး ပြိုကွဲတတ်သည်ကို သင်ခန်းစာယူကြရန်လို**
- ❖ **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာဖြင့် တည်ဆောက်နိုင်မှသာလျှင် နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက်လည်း စိတ်ချနိုင်မည်ဖြစ်**
- ❖ **မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ Guardian အနေဖြင့် တည်ရှိနေမည်ဖြစ်**

☆ စာမျက်နှာ ၃ မှ

ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် လုပ်ဆောင်နေခြင်းဖြစ်ပြီး ထိုလမ်းကြောင်းပေါ်မှ သွေဖည်စေမည်မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေကြောင်း။

**စုစည်းညီညွတ်သည့်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ဆောင်ရွက်**

ထိုကဲ့သို့သော မဲမသမာမှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့မှုအပေါ်မူတည်၍ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ စည်းလုံးညီညွတ်မှုပျက်ပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ **ဝါးတစ်စည်းတွင် အစည်းပြေသွားပါက အားလျော့တတ်သကဲ့သို့ လူတို့တွင်လည်း အချင်းချင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာပါက စုစည်းညီညွတ်မှုအား ယုတ်လျော့ပြီး ပြိုကွဲတတ်သည်ကို သင်ခန်းစာယူကြရန် လိုကြောင်း၊** နိုင်ငံသားအချင်းချင်း သဘောထားကွဲလွဲပြီး စည်းလုံးညီညွတ်မှုပြိုကွဲပါက နိုင်ငံ၏အားသည်လည်း လျော့နည်းသွားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိသားစုတစ်စု၌ပင်ဖြစ်စေ စည်းလုံးညီညွတ်မှုရှိမှသာလျှင် စုစည်းညီညွတ်သည့်အားကို ရရှိနိုင်မည်ဖြစ်ပြီး မိမိ မိသားစု၏ လုံခြုံမှုနှင့် လူမှုစီးပွားဘဝမြင့်တက်မှုကို ရရှိစေမည်ဖြစ်ကြောင်း၊ တပ်တွင်းရှိ အရာရှိ၊ စစ်သည် မိသားစုများအားလုံးသည်လည်း စည်းလုံးညီညွတ်ရန်လိုကြောင်း၊ စည်းလုံးညီညွတ်မှု၏အားသည် သက်ရောက်မှုများစွာရှိသဖြင့် အားလုံးစည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တော်တည့်မှန်ကန်သည့် ခေါင်းဆောင်မှုဖြစ်ရန်နှင့် ညီညွတ်မျှတသည့် အုပ်ချုပ်မှုရှိရန်လိုကြောင်း၊ အိမ်ထောင်ဦးစီးဖြစ်သူက တော်တည့်မှန်ကန်စွာနှင့် ညီညွတ်မျှတသည့် မေတ္တာတရားဖြင့် မိသားစုကို ဦးဆောင်နေထိုင်မည်ဆိုပါက မည်သို့မျှ ပြိုကွဲနိုင်မည်မဟုတ်ကြောင်း၊ တပ်မတော်တွင်း၌လည်း နေရာအလိုက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံများဖြစ်ရန်လိုပြီး လူ့သဘောသဘာဝများကိုနားလည်စွာဖြင့် ကွပ်ကဲအုပ်ချုပ်ရန် လိုကြောင်း။

မိသားစု တစ်စု၊ တပ်ရင်း၊ တပ်ဖွဲ့များ အလိုက်စသည်ဖြင့် အခြေခံမှစ၍ စည်းလုံးညီညွတ်ပြီး တပ်မတော်တစ်ရပ်လုံး စည်းလုံးညီညွတ်မည်ဆိုပါက မည်သူမျှ တပ်မတော်ကို ထိပါး၍ရမည် မဟုတ်ကြောင်း၊ **တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်ဖြစ်ပြီး တပ်တွင်း စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာဖြင့် တည်ဆောက်နိုင်မှသာလျှင် နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက်လည်း စိတ်ချနိုင်မည်ဖြစ်**ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများနှင့်လက်တွဲပြီး ဒို့တာဝန်အရေးသုံးပါးကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ **မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ Guardian အနေဖြင့် တည်ရှိနေမည်ဖြစ်**ကြောင်း၊ တပ်မတော်အနေဖြင့် စွမ်းရည်၊ စွမ်းအားမြင့်မားပြီး ကာကွယ်ရေးစွမ်းပကားမြင့်မားနေမှသာလျှင် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်သူအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တစ်ဦးချင်းမှစ၍ စွမ်းရည်မြင့်မားရေး၊ လက်နက်စွမ်းပကား မြင့်မားရေးကို တည်ဆောက်ပေးနေခြင်းဖြစ်ပြီး စည်းလုံးခြင်းအင်အား၊ စုစည်းညီညွတ်သည့်အားကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့်လည်း အလားတူပင်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများ ရှိနေခြင်းကြောင့် စုစည်းညီညွတ်သည့် အင်အားတစ်ခု ရရှိရေးအတွက် ရည်မှန်းချက်နှစ်ခုပေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းရည်မှန်းချက်နှစ်ခုအနေဖြင့် **စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ယင်းရည်မှန်းချက်နှစ်ခုအပေါ်မူတည်၍ တိုင်းပြည်စည်းလုံးညီညွတ်မှုရရှိအောင် မိမိတို့အနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် မှန်ကန်သည့် စုစည်းညီညွတ်သည့်အားတစ်ခု မဖြစ်မနေ လိုအပ်သည့်အတွက် သင်ခန်းစာရယူနိုင်ရန် ယခုကဲ့သို့ နိုင်ငံ့သမိုင်းကြောင်း ဖြတ်သန်းခဲ့မှု အခြေအနေများနှင့်တကွ အကျယ်တဝင့် ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း။

**❖ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ**

**❖ ပညာရေးနှင့်ပတ်သက်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏ အနာဂတ်ကိုလည်း အာမခံနိုင်မည်**

ထို့ပြင် ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နောက်ကျကျန်ရစ်၍ ရနိုင်မည်မဟုတ်ကြောင်း၊ အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင် စာပေလေ့လာမှုသာမက မိမိတို့၏သားသမီးများကိုလည်း စာပေ၊ ဗဟုသုတ မြင့်မားအောင် ဆောင်ရွက်ပေးရန် လိုကြောင်း၊ **ပညာရေးနှင့်ပတ်သက်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီ စနစ်နှင့် တိုင်းပြည်၏ အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်**ကြောင်း မှာကြားသည်။

**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း တပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်ရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၂) ဆင်းပွဲကို ယမန်နေ့က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၀) ရှိ ပြင်ဦးလွင်ခရိုင် မီးသတ်စခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိသော သင်တန်းသားများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ချစ်စိန် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်နှင့် ပြည်ထောင်စုနယ်မြေရှိ လူမှုဖူလုံရေးအကျုံးဝင် ဝန်ကြီးဌာနများသို့ ကွင်းဆင်းဆေးကုသမှု ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ယနေ့တွင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် ပြည်ထောင်စုနယ်မြေရှိ လူမှုဖူလုံရေးအကျုံးဝင် ဝန်ကြီးဌာနများဖြစ်သည့် စက်မှုဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနများသို့ ကွင်းဆင်းဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ စက်မှုဝန်ကြီးဌာနမှ အာမခံအလုပ်သမား ၁၇၉၈ ဦးရှိသည့်အနက် အာမခံအလုပ်သမား ၂၅၁ ဦးကို လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အာမခံအလုပ်သမား ၁၆၆၆ ဦးရှိသည့်အနက် အာမခံအလုပ်သမား ၁၉၁ ဦးကိုလည်းကောင်း ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်ရှိ အကျုံးဝင်အာမခံ အလုပ်သမားပေါင်း ၁ ဒသမ ၂၃ သန်းခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို အလုပ်သမားဆေးရုံကြီး သုံးရုံ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးခွဲပေါင်း ၉၉ ရုံး၊ မြို့နယ် ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၇ ခန်း၊ PPS စနစ်ဖြင့် Free for Services Payment ဆေးခန်း ၁၂ ခန်း၊ Capitation Payment ဆေးခန်း ၂၅ ခန်း၊ သားဖွားမီးယပ်ဝန်ဆောင်မှု ဆေးခန်း ရှစ်ခန်းနှင့် တိုင်းရင်းဆေးကုခန်း တစ်ခန်းများအပြင် ရွေ့လျားဆေးကုသယာဉ် Mobile Medical Unit နှစ်စီးဖြင့် ဆေးကုသမှုများဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဒီဇင်ဘာ ၁၄ ရက်အထိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနများရှိ အာမခံအလုပ်သမားများအတွက် ဆေးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များသို့ ကွင်းဆင်းဆေးကုသမှုများ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# အရေးပါသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်နေ ပြည်တွင်းကုန်ထုတ်လုပ်မှုစီးပွားရေးကို အားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ မြစ်ကြီးနားစီးပွားရေးဖွံ့ဖြိုးရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စက်မှုရပ်ကွက်ကော်မတီ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် စက်မှုရပ်ကွက်အတွင်း စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှချေးငွေများ ထုတ်ပေးမှုနှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ One Village One Product ထုတ်လုပ်နိုင်ရေး ဒေသအလိုက်ထုတ်ကုန်အမယ် သတ်မှတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု စသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် "စွမ်းအင်ပြည့်လျှံ" အဆင့်မြင့်လောင်စာတောင့် လုပ်ငန်းရှင် ဦးအောင်သန်းထွဋ်ဦး၊ "ရွှေအုပ်ဆောင်း" ပယင်းကျန်းမာရေးထုတ်ကုန်လုပ်ငန်းရှင် ဒေါ်နီနီလွင်၊ "ဖြိုးဝေဝေ"စက္ကူ Recycling လုပ်ငန်းရှင် ဦးဘင်ဂျမင်၊ "မနောမြန်မာ" စက်ရက်ကန်းလုပ်ငန်းရှင် ဦးသန်းဝင်းနှင့် လုပ်ငန်းရှင်များက ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ၏ လုပ်ငန်းအလိုက် အခက်အခဲများတွေ့ကြုံနေရမှုနှင့် အစိုးရမှ လိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှု၊ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ချောထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ကုန်သွယ်မှုအခွန်ပမာဏ လျှော့ကျစေရေး သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးစေလိုမှု၊ အတိုးနှုန်းသက်သာသည့် ရင်းနှီးမတည်ချေးငွေများကို ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် ကချင်အထူးဒေသ(၁)မှ ဦးဇခုန်ယိန်းဆောင်က ချီဖွေ၊ ပန်ဝါဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးမှုများကို ယင်းဒေသရှိဒေသခံပြည်သူများက အထူးကျေးဇူးတင်ရှိသည့် အခြေအနေများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်လာစေရေးအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေးနှင့် အခြားဒေသတွင်း လိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်၍ လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ရေးမှအစ ဒေသဖွံ့ဖြိုးရေး

စာမျက်နှာ ၆ သို့

❍ စာမျက်နှာ ၅ မှ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ကာ လိုအပ်သည်များကို ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေတစ်ရပ် ထူထောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများသို့ ရင်းနှီးမတည်ငွေများ ဆောင်ရွက်ပေးခဲ့မှု၊ MSME အခန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိပြီး ရန်ပုံငွေတစ်ရပ်ထူထောင်ကာ လိုအပ်သည်များ ရင်းနှီးမတည်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ချေးငွေနှင့်ပတ်သက်၍ နိုင်ငံတော်မှ ခေါင်းစဉ်အမျိုးမျိုးဖြင့် ထုတ်ပေးထားသည့် ချေးငွေများကို သတ်မှတ်ကာလအပိုင်းအခြားနှင့်အညီ အချိန်မီပြန်လည်ပေးဆပ်ရန်လိုအပ်မှု၊ နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်သည် မှန်သမျှကို လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ပေးရန် အသင့်ရှိသည့်အတွက် လုပ်ငန်းရှင်များကလည်း မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်မှု၊ MSME လုပ်ငန်းများ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာလျှင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုအပ်မှုစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

## MSME လုပ်ငန်းများကို အားပေးမြှင့်တင်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့သွားရောက်၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် MSME လုပ်ငန်းများမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံသာမက ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် ပြည်တွင်းစီးပွားရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးပါသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၈ ခုနှစ်မှ စတင်၍ စီးပွားရေးဆိုင်ရာနှင့် ကုန်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုများ၌ အားနည်းချက်များရှိခဲ့ခြင်းကြောင့် နိုင်ငံ့စီးပွားရေး ကျဆင်းခဲ့ရကြောင်း၊ နိုင်ငံခြားဝင်ငွေများ ရရှိခြင်းမရှိခဲ့ဘဲ ပြည်ပမှ သွင်းကုန်များကို တင်သွင်းခဲ့မှုများကြောင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ Non Trade လုပ်ငန်းများမှ ရရှိသည့် ငွေကြေးများဖြင့် သွင်းကုန်များ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှုမရှိခဲ့ဘဲ ပြည်ပသွင်းကုန်ကိုသာ အားထားဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေ အများအပြားရှိခဲ့ပြီး တိုင်းပြည်အတွက် စိုးရိမ်ဖွယ်ရာအနေအထားသို့ ရောက်ရှိခဲ့ကာ ကြွေးမြီအများအပြား ဖြစ်ပေါ်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် လက်ရှိနိုင်ငံ့တာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်ပမှ ချေးငွေနှင့် အထောက်အပံ့များရရှိမှု မရှိသော်လည်း ပြည်ပချေးငွေများကို ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံ၏စီးပွားရေးမှာ အထိုက်အလျောက် ပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုစီးပွားရေးကို အားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်စီးပွားရေးတစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ဝယ်လိုအားတက်လာမည်ဖြစ်ကြောင်း၊ ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးအားပေးရန်၊ ပြည်ပသွင်းကုန် အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

## လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီ လိုအပ်ချက်

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သကဲ့သို့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည်လည်း အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအားလျှပ်စစ်များထုတ်လုပ်မည်ဆိုပါက မီဂါဝပ်လေးသောင်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းများရပ်တန့်ခဲ့ရကြောင်း၊ ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် အရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် အကျိုးရှိစွာအသုံးချစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အချိန်ကာလတစ်ခုအထိ ကြာမြင့်ပြီး ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ဆောင်ရွက်ရကြောင်း၊ လျှပ်စစ်ဓာတ်အား လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး စာမျက်နှာ ၇ သို့ ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရိုးရာရက်ကန်းရက်လုပ်နေမှုကို လေ့လာကြည့်ရှုစဉ်။

- ☆ MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးအားပေးရန်၊ ပြည်ပသွင်းကုန် အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေခြင်းဖြစ်
- ☆ လျှပ်စစ်ဓာတ်အား လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားအသုံးပြုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်
- ☆ ပြည်တွင်း၌ ထုတ်ကုန်များကို လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများ ကျဆင်းလာမည်

❒ စာမျက်နှာ ၆ မှ

လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားအသုံးပြု လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ တစ်ဖက်မှလည်း လျှပ်စစ်ဓာတ်အားများကို ချွေတာသုံးစွဲကြရန်လိုကြောင်း။

အလားတူ မိမိတို့အနေဖြင့် စက်သုံးဆီများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရမှုကြောင့် နိုင်ငံခြားငွေသုံးစွဲမှုများ များစွာကုန်ကျလျက်ရှိကြောင်း၊ ထို့ကြောင့် စက်သုံးဆီများကို တတ်နိုင်သမျှချွေတာသုံးစွဲရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲရန်မလိုအပ်သည့် စက်ဘီးကဲ့သို့သောယာဉ်များကို တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် အသုံးပြုကြစေလိုကြောင်း၊ ကုန်စည်ပို့ဆောင်ရေးတွင်လည်း စက်သုံးဆီသုံးစွဲမှုနည်းပါးပြီး ကုန်စည်များစွာကို ပို့ဆောင်နိုင်သည့် ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းချွေတာသုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေကုန်ကျမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

☆ ဒေသတွင်း လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များကိုထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ပါ ပြန်လည်တင်ပို့နိုင်မည်

☆ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလို

☆ ယနေ့ခေတ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး ဒေသတွင်းအလွယ်တကူရရှိနိုင်သည့် ကုန်ကြမ်းများကိုသုံးစွဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးများစွာဖြစ်ထွန်းစေမည်

### ဒေသထုတ်ကုန်ကို အခြေခံသည့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်

ကုန်ဈေးနှုန်းမြင့်တက်မှုမှာ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်း၊ သယ်ဆောင်မှုစရိတ်မြင့်မားခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုမရှိခြင်းများကြောင့်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ ပြည်တွင်း၌ ထုတ်ကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအားလုံး တိုးတက်လာစေရန်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ အကျိုးစီးပွားမှ နိုင်ငံ့အကျိုးစီးပွားကို တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကချင်ပြည်နယ်အတွင်းတစ်ဦးချင်း အကျိုးစီးပွားထက် အများ၏ အကျိုးစီးပွားကိုဖြစ်ထွန်းစေနိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများမှ သွင်းကုန်အစားထိုး လူသုံးကုန်နှင့် စားသောက်ကုန်များကို ထုတ်လုပ်နိုင်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးမှုများသဖြင့် ရော်ဘာထွက်ကုန်များဖြင့် တာယာများနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ကြောင်း၊ ဒေသတွင်း လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ပါ ပြန်လည်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ဝါးနှင့် သစ်များပေါများစွာရှိကြောင်း၊ အဆိုပါ သစ်နှင့်ဝါးများကို အသုံးပြု၍ စက္ကူပျော့ဖတ်များထုတ်လုပ်ပြီး နိုင်ငံ၏ စက္ကူလိုအပ်ချက်ကို ဖြည့်တင်းနိုင်ကြောင်း၊ ဝါးကိုအခြေခံသည့် အခြားလူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ဝါးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မည်ဆိုပါက နိုင်ငံတော်မှလိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ကချင်ပြည်နယ်အတွင်းမှ ထွက်ရှိသည့် သစ်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့တင်ပို့နိုင်မည်ဆိုပါက အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ဒေသတွင်း ဆန်ဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးရေးတွင် အဓိကအခြေခံအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေး၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်မှုရှိရေးစသည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးကို စနစ်တကျဖြင့် အသုံးချ ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးဧကများ တိုးချဲ့စိုက်ပျိုးခြင်းထက် တစ်ဧကချင်း အထွက်နှုန်းများတိုးတက်အောင်ဆောင်ရွက်ရန် လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိရိုးဖလာမွေးမြူရေးလုပ်ငန်းများအစား လှောင်၍ မွေးမြူသည့်စနစ်ဖြင့် စနစ်တကျ မွေးမြူမည်ဆိုပါက မွေးမြူရေးထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သောကြောင့် နိုင်ငံခြားဝင်ငွေများရရှိပြီး ဒေသနှင့် နိုင်ငံအတွက်အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း။

### လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး ပညာရေး အားပေးမြှင့်တင်

MSME လုပ်ငန်းများအောင်မြင်စေရေးအတွက် အဓိကလိုအပ်ချက်မှာ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းတို့ ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး ဒေသတွင်းအလွယ်တကူရရှိနိုင်သည့် ကုန်ကြမ်းများကိုသုံးစွဲ၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး အခြေခံပညာများမြှင့်တင်ရေးအတွက် အစိုးရမှတတ်နိုင်သည့်ဘက်မှ အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူအဆင့်မြင့်ပညာရေး မြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးကို မြှင့်တင်ခြင်းသည် လူတစ်ဦးချင်း၏ အနာဂတ်၊ တိုင်းပြည်၏ အနာဂတ်ကို မြှင့်တင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးမြှင့်တင်မှုများကို မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံလုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သယံဇာတတွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်း တင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်၍ ကျင်းပသည်။

### ကြိုးပမ်းဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်အတူ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်လာပါကြောင်း၊ ယခုထက် ပိုမိုတိုးတက်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြေနေရာ၊ လမ်းပန်းဆက်သွယ်ရေး အနေအထားအရလည်းကောင်း၊ လုံခြုံရေးအနေအထားအရလည်းကောင်း ခက်ခဲသောဒေသများအတွက် လွှမ်းခြုံမှုအားနည်းနေသော်လည်း ဒေသရှိဌာနဆိုင်ရာအသီးသီးနှင့် ညှိနှိုင်း၍ တိုးတက်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါတွေ့ရှိမှုအနေဖြင့် ယခုအခါ တစ်ရာခိုင်နှုန်းအောက်ဖြစ်သော်လည်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာ



သူများတွင် ရောဂါပိုးတွေ့ရှိမှုနှုန်း လေးရာခိုင်နှုန်းပတ်ဝန်းကျင်တွေ့ရှိနေရသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများအနေဖြင့် ဆေးကုသမှုအရည်အသွေး ကောင်းမွန်အောင်၊ လူနာများ၊ ပြည်သူများ ဘေးကင်းလုံခြုံမှုရှိအောင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာနများက စောင့်ကြပ်ကြည့်ရှု၍ ကြီးကြပ်ပေးကြရန်ဖြစ်ကြောင်း၊ မကူးစက်နိုင်သောရောဂါများအတွက် ဆေးဝါးများဖြန့်ဖြူးထားရှိရာ မကူးစက်နိုင်သော ရောဂါကုသဆေးခန်းများ အားဖြည့်ဆောင်ရွက်ကြရန်လိုပါကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေးနှင့် မွေးကင်းစကလေးသေဆုံးမှုနှုန်းများအနေဖြင့် ကျဆင်းလာသော်လည်း သတ်မှတ်စံနှုန်း ပြည့်မီစေရေးအတွက် မိခင်၊ ကလေးကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း မလစ်ဟင်းရအောင် စီမံဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်သူများ၏ ယုံကြည်အားကိုးမှုရရှိစေရေးအတွက် မိမိတို့ဝန်ထမ်းများအနေဖြင့် ကုသမှုအရည်အသွေး ကောင်းမွန်စေရန်၊ ဆက်ဆံရေးကောင်းမွန်စေရန်၊ ဆေးရုံများ ဥပမိရုပ်ကောင်းမွန်စေရန်တို့ကိုလည်း အလေးထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာနမှူးများအနေဖြင့် မိမိတို့တိုင်းဒေသကြီး/ပြည်နယ်နှင့်ကိုက်ညီသည့် နည်းလမ်းများကို ကြံဆတင်ကြံဆကာ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှုကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်ချက်များကို ဖြည့်ဆည်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* ကျောဖုံးမှ
ဖြစ်မြောက်နိုင်စွမ်းနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ် H.E. Mr. Nikolay SPASSKIY တို့ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**တက်ရောက်**

တွေဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသောင်းဟန်၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Dr.Nikolay LISTOPADOV လည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ရုရှား ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation “ROSATOM” တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV၊ Russian State Atomic Energy Corporation “ROSATOM” ၏ Deputy Director General Mr. Nikolay SPASSKIY နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (7th Eastern Economic Forum–EEF) ကာလအတွင်း စက်တင်ဘာ ၆ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ The State Atomic Energy Corporation Rosatom တို့အကြား Road Map ကို လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့တွင် ကျင်းပသည့် ATOMEXPO–2022 ကာလအတွင်း ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom Energy Projects, Joint Stock Company တို့သည် ရုရှား–မြန်မာ Small Modular Reactor (SMR) Projects အတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုဆောင်ရွက်ရန်၊ NDA ကို နိုဝင်ဘာ ၂၁ ရက်တွင် လည်းကောင်း၊ MoU ကို နိုဝင်ဘာ ၂၂ ရက်တွင် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ယခုကဲ့သို့ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စဉ်ဆက်မပြတ် တိုးတက်ဆောင်ရွက်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအား လေ့လာမှုကို အထောက်အကူဖြစ်သော ကနဦးနေရာများကို ကြည့်ရှုလေ့လာဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဖြစ်မြောက်နိုင်စွမ်းလေ့လာနိုင်ရေးအတွက် လိုအပ်သော Terms of Reference (ToR) ကိုလည်း ယနေ့တွင် လက်မှတ်ရေးထိုးမည်ဖြစ်ပါကြောင်း။

**အလေးထားဆောင်ရွက်စေလို**

ဆက်လက်ပြီးလည်း SMR အတွက် ကနဦးလေ့လာဆန်းစစ်ချက်များတွင် လိုအပ်သော အခြေခံအချက်အလက်များကိုလည်း Working Group အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ROSATOM မှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံအတွင်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သော လေအားလျှပ်စစ်၊ အသေးစား ရေအားလျှပ်စစ်များကိုလည်း မြေပြင်တွင် သွားရောက်လေ့လာကြည့်ရှုဆောင်ရွက်ကြပြီးဖြစ်ပါကြောင်း၊ အထူးသဖြင့် လေအားလျှပ်စစ်ထုတ်လုပ်မှုကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံ၌ အလားအလာကောင်းများရှိသော နေရာခြောက်ခုတွင် စုစုပေါင်း မဂ္ဂါဝပ် ၈၁၀၀ ကျော်ခန့် ထုတ်လုပ်နိုင်ကြောင်း၊ စူးစမ်းလေ့လာထားမှုအရ သိရှိရသဖြင့် ROSATOM အနေဖြင့် လေအားလျှပ်စစ်ထုတ်လုပ်မှုတွင် အမြန်ဆုံး ပူးပေါင်းဆောင်ရွက်နိုင်ရေး အထူးအလေးထားဆောင်ရွက်စေလိုပါကြောင်း၊ ရုရှား–မြန်မာ ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သည့် (၇၅)နှစ်မြောက်ကာလအတွင်း မိမိတို့နိုင်ငံကို ယခုကဲ့သို့ ကူညီဆောင်ရွက်ခဲ့မှုကို များစွာအသိအမှတ်ပြုပါကြောင်းနှင့် အနာဂတ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ရည်မှန်းထားပါကြောင်း ပြောကြားသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာပြည်သူလူထု၏ အပြုသဘောဆောင်သည့် သဘောထားအမြင်များ ရရှိစေရန်အတွက် အရေးပါသည့် နည်းပညာဆိုင်ရာ အသိပညာပြန့်ပွားရေးလုပ်ငန်းများတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်သည့် ROSATOM မှ ကျွမ်းကျင်သူများသည် အရည်အချင်းပြည့်ဝစွာဖြင့် ပူးပေါင်းသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းနှင့် မိမိတို့အနေဖြင့်လည်း ROSATOM မှ ကျွမ်းကျင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ အပြည့်အဝပြုလုပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation “ROSATOM” ၏ Deputy Director General Mr. Nikolay SPASSKIY က မိမိတို့အနေဖြင့် အပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း တည်ဆောက်ခြင်းတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုစီမံကိန်းသည် မြန်မာနိုင်ငံအတွက် ကာလကြာရှည်စွာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သော သဘောတူစာချုပ်များ ဆက်လက်ရေးထိုးနိုင်ပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV က နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေရှည်စီမံကိန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး ယခုဆောင်ရွက်မည့် အပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသည် တည်ဆောက်ချိန် ကြာမြင့်မှုမရှိဘဲ ရေရှည်လည်ပတ်မောင်းနှင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ROSATOM တို့အကြား အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(IGA) မူကြမ်းကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom Energy Project, Joint Stock Company တို့အကြား အသေးစားအပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းအတွက် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ (Terms of Reference – ToR) ကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနနှင့် Rosatom International Network တို့အကြား Joint Communication Plan for increasing public acceptance of atomic technologies in Myanmar ကိုလည်းကောင်း နှစ်နိုင်ငံတာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဂုဏ်ပြုနေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၃

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဌာနခွဲများမှ အရာထမ်း/ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (အမျိုးသမီး) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ (အမျိုးသား) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် နေရာလိုက် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့ကြသူများကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က လည်းကောင်း၊ ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲတွင် နေရာလိုက် အကောင်းဆုံး အားကစားသမားဆုရရှိခဲ့ကြသူများကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ဘော်လီဘော(အမျိုးသမီး) ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော မကွေးတိုင်းဒေသကြီးအသင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ငွေသားဆု ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ၁၅ သိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုငွေကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော ကရင်ပြည်နယ်အသင်းကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ငွေသားဆုငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုငွေကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အသက်(၁၈)နှစ်အောက် ဘောလုံး (အမျိုးသမီး) ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၃)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု ငွေကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။



# လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ ညွှန်ကြားချက် (၂၀၂၂ ခုနှစ်) နှင့်အညီ မြေပြင်၌ ပြီးပြည့်စုံမှန်ကန်ကိုက်ညီမှုရှိအောင် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့တို့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော် Traffic Control Centre ၌ ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်၊ လမ်းအမှတ်အသားများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် 1968 Vienna Convention on Road Traffic နှင့် 1968 Vienna Convention on Road Signs and Signals တို့သို့ ၂၀၁၉ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်သည့်အတွက် လက်ရှိထုတ်ပြန်ကျင့်သုံးလျက်ရှိသည့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် Vienna Convention ပါ ပြဋ္ဌာန်းချက်များကို အခြေခံထားခြင်းဖြစ်ကြောင်း၊ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ (၂၀၂၂ ခုနှစ်) ညွှန်ကြားချက်သည် အချိန်ကာလကြာမြင့်မှုမရှိသေးသည့်အတွက် လိုအပ်ချက်များရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အကြံပြုပေးစေလိုပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် ယာဉ်တိုက်ခိုက်မှုအန္တရာယ်ရှိနိုင်သည့် လမ်းပိုင်းများသို့ အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးလျက် Road Audit ဆောင်ရွက်မှုများ ပြုလုပ်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဒွေးတို့က ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးလင်းခိုင်က ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဒေါ်ဖြူဖြူဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် သုံးမြို့နယ်၌ Road Audit ဆောင်ရွက်ခဲ့မှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ (၂၀၂၂ ခုနှစ်) ညွှန်ကြားချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်ပြေးညီ ပြည့်စုံမှန်ကန်မှုရှိစေရေး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ အလေးထား ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ချျခ်ဘွန်နာကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၃

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ချျခ်ဘွန်နာကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးအပေါ် သဘောထားနှင့် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေးတို့အပေါ် ရင်းနှီးစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားအစိုးရ၏ မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သည့် ကဏ္ဍမှပါဝင်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ချျခ်ဘွန်နာကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ချျခ်ဘွန်နာကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးအား ပြန်လည်သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများ အထူးသဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု အစရှိသည့် ကိစ္စရပ်များသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် (၇)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားကို အွန်လိုင်းမှ ပါဝင်တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၃

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် Basque Culinary Center (BCC)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံ နာရာမြို့၌ ကျင်းပသော (၇)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့် စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် အွန်လိုင်းမှ ပါဝင်တက်ရောက်သည်။





**အမှာစကား ပြောကြား**

ဖိုရမ်ဖွင့်ပွဲတွင် ဂျပန်နိုင်ငံ နာရာပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Shogo Arai၊ နာရာ ခရီးသွားဗျူရို ညွှန်ကြားရေးမှူးချုပ် Ms. Hirata Chieko၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူး Dr. QU Dongyu၊ Basque Culinary Center(BCC) အထွေထွေမန်နေဂျာ Mr. Joxe Mari Aizega၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili နှင့် ဂျပန်နိုင်ငံ ခရီးသွားလုပ်ငန်းအေဂျင်စီနှင့် မြေယာ၊ အဆောက်အဦ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်း ပြည်နယ်ဝန်ကြီး Mr.Hiroo Ishii တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဂျပန်နိုင်ငံ၏ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ မြေယာ၊ အဆောက်အဦ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ဂျပန်နိုင်ငံ ခရီးသွားလုပ်ငန်း အေဂျင်စီကော်မရှင်နာ Mr. Koichi Wada က ဂျပန်နိုင်ငံ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းအကြောင်းကိုလည်းကောင်း၊ Green –Star Restaurant Mr. Massayuki Miura က အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း အနာဂတ်မျှော်မှန်းချက်များ ချမှတ်ခြင်းတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဖိုရမ်အစီအစဉ်အရ အမျိုးသမီးနှင့် လူငယ်များ၏ ပင်ကိုစွမ်းရည်၊ အစားအသောက်များ အလေအလွင့်မရှိစေရေး၊ ကမ္ဘာမြေကြီးနှင့် လူသားတို့၏ အနာဂတ်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရေးနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းစိန်ခေါ်မှုများ အစရှိသည့် ခေါင်းစဉ်များကို အပိုင်းသုံးပိုင်းခွဲခြား၍ ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဖိုရမ်ကို အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များက အလေ့အကျင့်ကောင်းများနှင့် အတွေးအမြင်သစ်များကို ဝေမျှပေးနိုင်ရန်နှင့် ကိုဗစ်-၁၉ အလွန်တွင် ပြန်လည်ထူထောင်လာနိုင်စေရေး ရည်ရွယ်၍ “Gastronomy Tourism for People and Planet: Innovate, Empower and Preserve” ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်သို့ရောက်ရှိပြီး ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု အထူးပြုဘာသာရပ်ကို သင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

**ဆွေးနွေးမှာကြား**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းဘာသာရပ်များကို တက္ကသိုလ်အဆင့် ဖွင့်လှစ်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဟိုတယ်နှင့် ခရီးသွားဘာသာရပ်များ သင်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနမှ အရာထမ်းများနှင့် ခရီးသွားကျွမ်းကျင်သူများ၊ နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခများ လာရောက်သင်ကြားပို့ချပေးခဲ့မှုများ၊ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခဲ့မှုများ၊ ပြည်ပ ခရီးသွားတက္ကသိုလ်များနှင့် Student Exchange Program ဆောင်ရွက်ခဲ့မှုများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် လက်တွေ့လေ့လာသင်ယူနိုင်ရေးနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူးက ဒီပလိုမာနှင့် ဘွဲ့သင်တန်းများ သင်ကြားပေးနေမှုများနှင့် ဆက်လက်ဖွင့်လှစ်ပို့ချမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖြူးမြို့နယ်ကျေးရွာဒေသများတွင် သက်မွေးဝမ်းကျောင်းပညာများဖြင့် မိသားစုဝင်ငွေရရှိစေရေး သင်တန်းများ ပို့ချပေး

ဖြူး ဒီဇင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် အသက်မွေးပညာများ ဒေသတွင်းကျွမ်းကျင်သည့်ပညာဖြင့် မိသားစုဝင်ငွေရရှိစေရေးအတွက် ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ယမန်နေ့က အကြပ်အင်းကျေးရွာအုပ်စု အကြပ်အင်းကျေးရွာတွင် တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီနှင့် ဟသ်ာရွှေမြေ တိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်းတို့ ပူးပေါင်း၍ သက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချသည်။

အဆိုပါ ကျေးရွာဒေသခံတောင်သူများအား ပို့ချပေးသည့် သက်မွေးဝမ်းကျောင်းသင်တန်းပညာငါးမျိုးဖြစ်သည့် သဘာဝမြေသြဇာပြုလုပ်နည်း၊ EM ဘိုကာရှီပြုလုပ်နည်း၊ ငါးအမိုင်နိုပြုလုပ်နည်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စုပေါင်းစီမံခန့်ခွဲမှုသင်တန်း၊ ကောက်ရိုးမှိုနှင့် ဗေဒါမှိုစိုက်ပျိုးနည်းသင်တန်းတို့ကို တိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ ဒေါ်သူဇာခိုင်နှင့် တာဝန်ရှိသူများက လက်တွေ့သရုပ်ပြသပို့ချပေးပြီး ဒေသအခြေအနေများအား ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် စဉ်ဆက်မပြတ်သုတေသန

## ဒေါက်တာစန်း (ဆေးဝါးဗေဒ)

(၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ပြီးခဲ့သည့် ဒီဇင်ဘာလ ၈ ရက်နေ့နှင့် ၉ ရက်နေ့တို့တွင် နေပြည်တော်၌ ကျင်းပခဲ့သည်။ ဒီဇင်ဘာလ ၈ ရက်နေ့ကကျင်းပသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ် ငါးဦးတို့က အဆိုပြုချက် ငါးရပ်ကို တင်သွင်းခဲ့ပြီး ငါးဦးတို့က ထောက်ခံကြောင်း ပြောဆိုကြပြီး ညီလာခံတက်ရောက်လာကြသူများက တညီတညွတ်တည်း သဘောတူခဲ့ကြသည်။ အဆိုပါ အဆိုပြုချက် ငါးရပ်မှာ -

၁။ နယကြီး (၄) ပါးကို အခြေခံသော မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊

၂။ နဝရတ်ကတိသစ္စာနှင့် သမားတို့၏ကျင့်ဝတ်သိက္ခာကို စွဲမြဲစွာနှလုံးသွင်းစောင့်ထိန်းပြီး စည်းလုံးညီညွတ်၍ ဂုဏ်သိက္ခာမြင့်မားသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များဖြစ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းဆောင်ရွက်ရန်၊

၃။ ခေတ်မီ၍ အရည်အသွေးပြည့်ဝသော မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

၄။ အရည်အသွေးပြည့်ဝ၍ အစွမ်းထက်မြက်သော တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

၅။ ရိုးရာတိုင်းရင်းဆေး ကုထုံးနည်းစနစ်များနှင့် ဆေးဝါးများအား လက်တွေ့အသုံးချနိုင်ရေးအတွက် စနစ်တကျ ပြန်လည်ဖော်ထုတ်ရန် စသည်တို့ဖြစ်ကြပါသည်။

အဆိုပါ အဆိုပြုချက် ၅ ရပ်တွင် ကျွန်မအထူးပြုလေ့လာထားသော ဆေးဝါးဗေဒဘာသာရပ်နှင့် သက်ဆိုင်သည့် အဆိုပြုချက်နှစ်ရပ်ဖြစ်သော စတုတ္ထနှင့် ပဉ္စမ အဆိုပြုချက်များနှင့်ပတ်သက်၍ ရေးသားဖော်ပြဆွေးနွေးပါမည်။

စတုတ္ထအဆိုပြုချက်ကို ပဲခူးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးဟန်ငြိမ်းက အဆိုတင်သွင်းပြီး ချင်းပြည်နယ် ညီလာခံကိုယ်စားလှယ် ဒေါ်မြမြခိုင်က ထောက်ခံဆွေးနွေးခဲ့ပါသည်။ ပဉ္စမအဆိုကို မကွေးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးသိုက်ထွန်းက အဆိုတင်သွင်းပြီး ရခိုင်ပြည်နယ်ကိုယ်စားလှယ် ဒေါ်သန်းသန်းရီက ထောက်ခံဆွေးနွေးခဲ့ကြပါသည်။

> ❛ မြန်မာ့တိုင်းရင်းဆေးဖုံများကို ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာနတွင်လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ ဆေးသုတေသနဦးစီးဌာနတွင်လည်းကောင်း သုတေသနပြုခဲ့သည်များရှိခဲ့ပါသည်။ ထို့ပြင် မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်တွင်လည်း မဟာမြန်မာတိုင်းရင်းဆေးဘွဲ့ (MMTM) ဟူသော ဘွဲ့လွန်သင်တန်း စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ဘွဲ့လွန်အတွက် လိုအပ်သော သုတေသနပြုလုပ်ကြရာတွင် တချို့က ကုထုံး၊ တချို့က တိုင်းရင်းဆေးဝါးကို သုတေသနပြုကြပါသဖြင့် ဆေးဝါးသုတေသနပြုမှုသည် နှစ်စဉ်ရှိလာခဲ့ ❜

မြန်မာ့တိုင်းရင်းဆေးဖုံများကို ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာနတွင် လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ ဆေးသုတေသနဦးစီးဌာနတွင် လည်းကောင်း သုတေသနပြုခဲ့သည်များရှိခဲ့ပါသည်။ ထို့ပြင် မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်တွင်လည်း မဟာမြန်မာတိုင်းရင်းဆေးဘွဲ့ (MMTM) ဟူသော ဘွဲ့လွန်သင်တန်း စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ဘွဲ့လွန်အတွက် လိုအပ်သော သုတေသနပြုလုပ်ကြရာတွင် တချို့က ကုထုံး၊ တချို့က တိုင်းရင်းဆေးဝါးကို သုတေသနပြုကြပါသဖြင့် ဆေးဝါးသုတေသနပြုမှုသည် နှစ်စဉ်ရှိလာခဲ့ပါသည်။ နိုင်ငံတော်က သုတေသနစရိတ်ပံ့ပိုးမှုဖြင့် ပြုလုပ်သောသုတေသနများလည်း ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလာသောအခါ အဆိုပါရောဂါအသစ်၏ ရောဂါလက္ခဏာများကို ထုတ်ပြန်ကြေညာခဲ့ကြပါသည်။ မြန်မာ့တိုင်းရင်းဆေးကျမ်းတွင် ဤကဲ့သို့သော ရောဂါလက္ခဏာများ ရှိပါက “ဝိသမအဖျား”ဟု ခေါ်ဆိုပြီး ကုသသောဆေးနည်းလည်း ရှိပါသည်။

ထို “ဝိသမအဖျား” ရောဂါကို ပျောက်စေသောဆေးနည်းဖြစ်သည့် “ဝိသမအဖျားပျောက်ဆေး” ဆိုသော တိုင်းရင်းဆေးဖုံကို ဆေးတက္ကသိုလ် မန္တလေးသုတေသနကျင့်ဝတ်ကော်မတီက ကျင့်ဝတ်နှင့်ညီသောကြောင့် ခွင့်ပြုချက်အရ ဦးဌေးလွင် (ပါမောက္ခ/ဌာနမှူး၊ ဆေးပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်) နှင့် ဒေါက်တာထွန်းမြင့်အေး (ညွှန်ကြားရေးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန)တို့က ဦးဆောင်လျက် ကိုဗစ်-၁၉ လူနာများနှင့် ကျန်းမာသန်စွမ်းသောသူများတွင် သုတေသနပြုခဲ့ရာ အာနိသင်ရှိကြောင်း တွေ့ရှိခဲ့ပါသည်။ ဤသို့ တွေ့ရှိကြောင်းကိုလည်း ယခုနှစ် တိုင်းရင်းဆေးညီလာခံ၏ တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းတွင် ပြသထားပါသည်။ ထို့ပြင် လတ်တလောဘေးထွက်ဆိုးကျိုးများ မရှိကြောင်းကိုလည်း စမ်းသပ်တွေ့ရှိခဲ့ကြပါသည်။

ရိုးရာတိုင်းရင်းဆေး ကုထုံးနည်းစနစ်များနှင့် တိုင်းရင်းဆေးများကို လက်တွေ့အသုံးချနိုင်ရေးအတွက် ပြန်လည်ဖော်ထုတ်ရန် စာတမ်းများကိုလည်း ညီလာခံနှင့် တစ်ဆက်တည်း ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျင်းပသည့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲနေ့တွင် တင်သွင်းဖတ်ကြား၍ ဆွေးနွေးကြကြောင်း သိရှိရပါသည်။ အထူးသဖြင့် နက္ခတ္တနယဆေးပညာကုထုံးကို ပြန်လည်ဖော်ထုတ်ရန် ဆောင်ရွက်နေကြောင်း သိရှိခဲ့ရပါသည်။

ဤညီလာခံတွင် အစွမ်းအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို သုတေသနပြုထားကြောင်းနှင့် စဉ်ဆက်မပြတ် သုတေသနပြုမည်ဖြစ်ကြောင်းတို့ကိုသိရှိခဲ့ရပြီး ရိုးရာတိုင်းရင်းဆေးဝါးကုထုံးများလည်း မပျောက်ပျက်၊ မတိမ်မြုပ်ဘဲ ရှိတော့မည်ဖြစ်၍ ဝမ်းသာအားရစရာ ကောင်းလှပါကြောင်း ဤဆောင်းပါးဖြင့် (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကြီးကို ဂုဏ်ပြုလိုက်ရပါသည်။ ။



## နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းကိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းကိုင်မြို့နယ် အတွင်း ဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးလျက်ရှိသော သံဃာတော်များအား ဆွမ်းဆန်တော် အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် ဝန်ထမ်းများကမိုင်းကိုင်မြို့နယ်“မဟတ်” ဘုန်းတော်ကြီးကျောင်းတိုက်ရှိ ရဟန်း၊ သာမဏေ၊ ကိုရင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ထန်းတပင်တောရကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန် တောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မိုးဃာင်းကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မ ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာမြို့ဦးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီကျောင်းတိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ကျွန်းကလေး ပရိယတ္တိစာသင်တိုက် တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ကိုးသောင်းသာသနာ့မင်္ဂလာ ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ရွှေလှေကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ မဂ္ဂင်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ နန္ဒာရာမပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ မဟာသုမနာရာမ ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရတနာမဉ္ဇူ ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မအူပင်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**မအူပင် ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက အဆိုပါကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်စိုးစိုးမော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမော်၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်မှူး ဦးအောင်ဇော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်ဇင်မာခိုင်၊ စာပေချစ်မြတ်နိုးသူများအသင်း ဒုတိယဥက္ကဋ္ဌ ဆရာဦးစိုးနှင့် စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် ဆရာဦးဘိုထွေးတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ ငါးဦးတို့က လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စားသုံးသူရေးရာ အခွင့်အရေး၊ လူငယ်နှင့်အားကစားစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူ ငါးဦး၏ ကဏ္ဍအလိုက် မေးမြန်းဆွေးနွေးချက် များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက် ခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၀၀၀ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၁၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၁၂-၂၀၂၂) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၀၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၉,၇၃၈,၅၇၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၄၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၉၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၈)ရက် ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါ ပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း ၁၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**




## လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံး၊ ငွေရင်း ခွင့်ပြုထုတ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ဒေါ်နှင်းရွှေခင်နှင့် အမြဲတမ်းမသန်စွမ်းမှု အာမခံအလုပ်သမား ဦးလှဝင်းထွဋ်တို့အား လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံး၊ ငွေရင်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တာဝန်ခံအရာရှိက အခမ်းအနားသို့ တတ်ရောက်လာသော အလုပ်ရှင် အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးခွဲတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Seo Ho Co.,Ltd မှ အာမခံအလုပ်သမား ဒေါ်နှင်းရွှေခင်၏ အလုပ်ခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံး၊ ငွေရင်းခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ အား မိခင်ဖြစ်သူ ဒေါ်ခင်လှဌေးထံသို့ ပေးအပ်ခြင်းနှင့် Mysarco Co.,Ltd မှ အာမခံအလုပ်သမား ဦးလှဝင်းထွဋ်၏ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ပြုငွေကျပ် ၃၅၀၆၅၈၀ အား ဦးလှဝင်းထွဋ်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

## (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက စုပေါင်းသွေးလှူဒါန်း၊ ဘိုးဘွားရိပ်သာများအား အလှူငွေများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကွပ်ကဲမှုအောက်တပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဒီဇင်ဘာ ၁၂ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာ နယ်မြေခံတပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသွေးလှူဒါန်းကြသည်။



ထိုသို့ လှူဒါန်းရာတွင် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက သက်ဆိုင်ရာ ဆေးရုံများရှိ သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြပြီး ယင်းသို့ သွေးလှူဒါန်းနေမှုများကို သက်ဆိုင်ရာလေတပ်စခန်းဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ ယင်းနောက် သက်ဆိုင်ရာဆေးရုံများမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် နမ္မဒါဘိုးဘွားရိပ်သာ ဖြစ်မြောက်ရေးအတွက် အလှူငွေများနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မိတ္ထီလာဘိုးဘွားရိပ်သာသို့ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဝင်ငွေ အောက်တိုဘာလအတွင်း ၁၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်



**မနီလာ ဒီဇင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ဝင်ငွေသည် အောက်တိုဘာလ အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇၀ ဘီလီယံအထိ ရှိခဲ့ခြင်းကြောင့် ၁၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းအာဏာပိုင်အဖွဲ့က ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

ယခုနှစ် အောက်တိုဘာလ အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြား ကုန်သွယ်မှုဝင်ငွေ စုစုပေါင်း၏ ၅၈ ဒသမ ၈ ရာခိုင်နှုန်းသည် သွင်းကုန်များမှရရှိခဲ့ခြင်းဖြစ်ပြီး အခြားသောနိုင်ငံခြား ကုန်သွယ်မှုဝင်ငွေများမှာ ပို့ကုန်များတင်ပို့ခြင်းမှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အောက်တိုဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ကုန်ပစ္စည်း အဓိကတင်သွင်းသည့် နိုင်ငံဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုတွင်လည်း စတုတ္ထမြောက် အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## ဗီယက်နမ်လေကြောင်းလိုင်းက နှစ်သစ်ကူးအားလပ်ရက်များအတွင်း ပြည်တွင်းခရီးစဉ် ၁၅၀၀ တိုးချဲ့ပြေးဆွဲသွားမည်

**ဟနွိုင်း ဒီဇင်ဘာ ၁၃**

ဗီယက်နမ်လေကြောင်းလိုင်းအနေဖြင့် နှစ်သစ်ကူး အားလပ်ရက်များအတွင်း ခရီးစဉ် ၁၅၀၀ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ပြည်တွင်း လေယာဉ်ခရီးစဉ်များအား တိုးချဲ့ပြေးဆွဲရခြင်းမှာ အထက်ပါကာလတွင် ပြည်တွင်း လေယာဉ်စီးခရီးသည်များ များပြားလာခြင်းကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လေကြောင်းခရီးစဉ်များအတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အတွင်း လေယာဉ်စီးခရီးသည်လက်မှတ် ၂၂၄၀၀၀ အထိ ရောင်းချရန်စီစဉ်ထားကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

ယခုတိုးချဲ့ပြေးဆွဲမည့် လေကြောင်းခရီးစဉ်များအတွင်း ဟနွိုင်း၊ ဒါနန်း၊ ဟိုချီမင်းစီးတီး၊ ဟိုင်ဖောင်၊ ဗင်း၊ သန်ဟိုနှင့် ဟူးမြို့များသို့ လေယာဉ်ခရီးစဉ်များ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် နှစ်သစ်ကူး အားလပ်ရက်များအတွင်း လေယာဉ်စီးခရီးသည်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် လေယာဉ်စီးခရီးသည်လက်မှတ်အများအပြား ရောင်းချနိုင်ရန် ဆောင်ရွက်ထားကြောင်း ဗီယက်နမ်မြို့ပြလေကြောင်းအာဏာ ပိုင်အဖွဲ့က ပြောကြားသည်။

ထို့ပြင်နိုင်ငံအတွင်းရှိ အလုပ်သမားများကိုလည်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ကာလအတွင်း နှစ်သစ်ကူးအားလပ်ရက်အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၇၉၉ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဒီဇင်ဘာ ၁၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၇၉၉ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၆၇၇၅၀၅ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၅၉ ဦး ထပ်မံ တွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၉၂၇၂၀ ရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၈၃၈ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၁၀၇၃၄၅၄ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၁၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၃၂၇၃၂၃၅ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်း ကာနာတာကာပြည်နယ်၌ ဇီကာဗိုင်းရပ်စ်ပထမဆုံးကူးစက်ခံရသူ တွေ့ရှိ

**မွမ်ဘိုင်း ဒီဇင်ဘာ ၁၃**

အိန္ဒိယနိုင်ငံအနောက်တောင်ပိုင်း ကာနာတာကာပြည်နယ်၌ ဇီကာဗိုင်းရပ်စ်ပထမဆုံးကူးစက်ခံရသူကို တွေ့ရှိခဲ့ကြောင်း ဒေသခံမီဒီယာများက ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

အဆိုပါပြည်နယ်အတွင်း ရီချာခရိုင်ရှိ အသက်ငါးနှစ်အရွယ်မိန်းကလေးတစ်ဦးထံတွင် အဆိုပါဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း ကာနာတာကာပြည်နယ် ကျန်းမာရေးဝန်ကြီး ကေဆူဟာကာက ပြောကြားသည်။ ယခုဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူကလေးငယ်ကို တာဝန်ရှိသူများက ကျန်းမာရေးအခြေအနေစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ အခြားပြည်နယ်များဖြစ်သည့် ကီရာလာ၊ မဟာရက်ထရာနှင့် ဥထရာပရာဒေ့ရှ် ပြည်နယ်များတွင်လည်း ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူများကို တွေ့ရှိရကြောင်း သိရသည်။ ဇီကာဗိုင်းရပ်စ်သည် ခြင်ကြောင့်ကူးစက်သည့် ရောဂါဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်၌ ဇီကာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုများ စတင်တွေ့ရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



## မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန် ပြီးခဲ့သည့်လအတွင်းက ၄ ဒသမ ၉၈ ရာခိုင်နှုန်းကျဆင်း

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၃**

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်သည် နိုဝင်ဘာလအတွင်းက တန်ချိန် ၂ ဒသမ ၂၉ သန်းသာရှိခဲ့ခြင်းကြောင့် အောက်တိုဘာလအတွင်း စားအုန်းဆီလက်ကျန်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၉၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တရားဝင်အချက်လက်များက ဒီဇင်ဘာ ၁၃ ရက်တွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံ စားအုန်းဆီဘုတ်အဖွဲ့က ထုတ်ပြန်သည့်အချက်အလက်များအရ မလေးရှားနိုင်ငံ၏ နိုဝင်ဘာလအတွင်း စားအုန်းဆီထုတ်လုပ်မှုသည် အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၃၃ ရာခိုင်နှုန်းလျော့ကျမှုရှိခဲ့ကြောင်းနှင့် စားအုန်းဆီ တန်ချိန် ၁ ဒသမ ၆၈ သန်းအထိ ကျဆင်းမှုရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် မလေးရှားနိုင်ငံသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက စားအုန်းဆီတင်ပို့မှုသည် အောက်တိုဘာလအတွင်းက စားအုန်းဆီတင်ပို့မှုထက် သုည ဒသမ ၉၂ ရာခိုင်နှုန်းအထိ တိုးမြှင့်တင်ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်နေ စိုးမိုးအေး(ခ)စိုးမိုးသည် ၎င်းအသုံးပြုသည့် “Soe Moe” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လှိုင်ဘုံသာရပ်ကွက်နေ ဝင်းထိန်ဦး(ခ)ကိုအောင်သည် ၎င်းအသုံးပြုသည့် “Ko Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ စုစုသည် ၎င်းအသုံးပြုသည့် “Su Su” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၆၀ ဒသမ ၅၁၂၆ တန်၊ သစ်မာ ၄၁ ဒသမ ၃၇၇၈ တန်၊ အခြား ၅၂ ဒသမ ၀၆၆၂ တန် စုစုပေါင်း ၁၅၃ ဒသမ ၉၅၆၆ တန်၊ ယာဉ်/ယန္တရား ၁၇ စီး၊ တရားခံ ၂၉ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ကျေးရွာကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

လွိုင်လင် ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သည့် လွိုင်လင်မြို့နယ်အတွင်း ကောင်းမှုဂုဏ်စေတီ-ပန်အွတ်ကျေးရွာ ကျောက်ချောလမ်းခင်းနေမှု အခြေအနေများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်သက်နိုင်နှင့် တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကောင်းမှုဂုဏ်စေတီ-ပန်အွတ်ကျောက်ချောလမ်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ရန်ပုံငွေ ၁၁၆ ဒသမ ၄ သန်းဖြင့် ပြည့်ရွှန်းပုဏ္ဏမီကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ လမ်း၏အရှည်မှာ ၂ ဒသမ ၂၅၁ ကီလိုမီတာ၊ အကျယ် ၄ ဒသမ ၈၈ မီတာနှင့် မီလီမီတာ ၁၅၀ ဒုခင်းခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တန့်ယန်းမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းဆောင်ရွက်

တန့်ယန်း ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက မြို့နယ်အရန်မီးသတ်တပ်ရင်းရုံးရှေ့ ဗိုလ်ချုပ်လမ်းမကြီး၌ တာဝန်ရှိဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ကြသည်။



အဆိုပါ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့(တန့်ယန်း)မှ ဒုတိယရဲမှူး ကျော်ဇေတေဇနှင့် တာဝန်ရှိသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် လမ်းအသုံးပြုသွားလာနေကြသော ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို စည်းကမ်းတကျ သိရှိလိုက်နာနိုင်ရန်၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်နှင့် မော်တော်ယာဉ်အသုံးပြုသူများ ထိုင်ခုံခါးပတ်ပတ်ကြရန် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

## ဒလမြို့နယ်၌ လူငယ်များဘက်စုံတိုးတက်စေရေး လူငယ်စကားဝိုင်း ကျင်းပ

ဒလ ဒီဇင်ဘာ ၁၃

ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၁၀ နာရီက မြို့မ(၄)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးရွှေလှိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်အေးက လူငယ်စကားဝိုင်းကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက်တန်းပြဆရာမ ဒေါ်ချိုအိမွန်က အမေးအဖြေကဏ္ဍတွင် ညှိနှိုင်းပေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် Grade-11 မှ မောင်ခန့်ဝေလင်းက လူငယ်နှင့်စာဖတ်ခြင်းကို လည်းကောင်း၊ Grade-10 မှ မအင်ကြင်းမွှေးက လူငယ်နှင့်ကျန်းမာရေးကို လည်းကောင်း၊ Grade-10 မှ မောင်ရဲမြတ်ဦးက လူငယ်နှင့် အားကစားကို လည်းကောင်း၊ Grade-10 မှ မောင်အောင်ဟိန်းမြတ်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို လည်းကောင်း၊ Grade-11 မှ မောင်ညီညီမင်းထက်က လူငယ်နှင့် ရည်မှန်းချက်ကိုလည်းကောင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသားကျောင်းသူများထံမှ ခေါင်းစဉ်အလိုက် သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဆွေးနွေးခဲ့သော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မလှိုင်မြို့၌ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရဆောင်ရွက်ရမည့်လုပ်ငန်းများ အသိပေးရှင်းလင်း

မလှိုင် ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ၂၀၂၂ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အသိပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၂ ရက်က မလှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပေးရှင်းလင်းပွဲတွင် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းချက်ပါ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ၊ ရည်ရွယ်ချက်များ၊ မှတ်ပုံတင်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ အသင်းအဖွဲ့၏ အခွင့်အရေးနှင့်တာဝန်များ၊ အသင်းအဖွဲ့လိုက်နာရမည့် တာဝန်များ၊ တားမြစ်ချက်နှင့်ပြစ်ဒဏ်များ၊ မှတ်ပုံတင်ထားသည့်အသင်းအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ အကာအကွယ်ရယူနိုင်ခွင့်၊ ရပ်တည်လှုပ်ရှားခွင့် စသည့်လိုက်နာရမည့် အကြောင်းအရာများကို အသေးစိတ်ပါဝါပွိုင့်ဖြင့် ချပြရှင်းလင်းဆွေးနွေးပေးခဲ့သည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇော်က ဥပဒေပါတားမြစ်ချက်များကိုလိုက်နာကြရန်နှင့် ဖောက်ဖျက်ကျူးလွန်ပါက ပြစ်ဒဏ်ထိုက်မည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

မြထွန်း(မလှိုင်)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “တမူးအကြမ်းဖက်အဖွဲ့၏ လူမြင်ကွင်းတွင် လူမဆန်စွာ သတ်ဖြတ်ခြိမ်းခြောက်မှု” ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “တော်လှန်ရေးအရေခြုံ၍ လုယက်ခေါးပြတိုက် သတ်ဖြတ်နေသော PDF များကို ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဖမ်းဆီးရမိ” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်



## ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**စစ်တွေ ဒီဇင်ဘာ ၁၃**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင်ကျရောက်မည့် (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြပြီး သွေးလှူဒါန်းကြသည့် တပ်မတော်သားများ၊ ဌာနအသီးသီးမှဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကြသည်။

သွေးလှူဒါန်းပွဲတွင် စစ်တွေတပ်နယ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနအသီးသီးမှ ဝန်ထမ်းများ စုစုပေါင်း ၈၆ ဦးတို့က သွေးအမျိုးအစားမျိုးစုံ ၈၆ လုံးကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးကြီးသောအရင်းအနှီးသည် ပညာရေးဖြစ်

**ထားဝယ် ဒီဇင်ဘာ ၁၃**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးကြီးသောအရင်းအနှီးသည် ပညာရေးဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ ထားဝယ်ပညာရေးဒီဂရီကောလိပ် တိက္ခပညာခန်းမ၌ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ပညာရေးဒီဂရီကောလိပ် ပထမနှစ်(ပထမနှစ်ဝက်)သင်တန်းမောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြောကြားသည်။

**နာသုံးနာရှိရမည်**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိဒေသကို ချစ်မြတ်နိုးပြီး ဒေသအတွင်း ဆရာ ဆရာမလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဘွဲ့ရဆရာ ဆရာမများ ပေါ်ထွန်းလာမည်ဖြစ်သောကြောင့် ဂုဏ်ယူမိကြောင်း၊ ပညာသည် မကုန်ခမ်းနိုင်သောအရင်းအနှီးဖြစ်သည့်အတွက် ပညာရေးအဆင့်အတန်းမြင့်မားအောင် နိုင်ငံတော်အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ပြီး သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ ပြောင်းလဲရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အေးချမ်းသာယာသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်ရေးအတွက် ဆရာတစ်ဦး၏အခန်းကဏ္ဍသည် အရေးကြီးပြီး ဆရာတစ်ဦးဖြစ်ရန် အခြေခံကျသော နာသုံးနာမဖြစ်မနေရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထားဝယ်ပညာရေးဒီဂရီကောလိပ် ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီးမှ ကျောင်းသား ၁၆ ဦး၊ ကျောင်းသူ ၇၂ ဦး စုစုပေါင်း ၈၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






## (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမ်းဗြဲမြို့၌ ကွန်ကရစ်လမ်းသစ်နှင့် Box Culvert သစ်ဖွင့်ပွဲ ကျင်းပ

**ရမ်းဗြဲ ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဒီဇင်ဘာ ၁၅ ရက်တွင်ကျရောက်မည့် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမ်းဗြဲမြို့ အမှတ်(၆)ရပ်ကွက် ညောင်ပင်လှရွာ ကွန်ကရစ်လမ်းသစ်နှင့် Box Culvert ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရမ်းဗြဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဇေယျာဖြိုးက ကွန်ကရစ်လမ်းနှင့် Box Culvert လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကွန်ကရစ်လမ်းသစ်နှင့် Box Culvert သစ်ဖွင့်ပွဲအထိမ်းအမှတ်အလံငယ်အား မြို့နယ်စည်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇေယျာဖြိုးက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးခင်မောင်သန်း ထံသို့ပေးအပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ အမှုဆောင်အရာရှိ ဦးဇေယျာဖြိုးနှင့် မြို့မိမြို့ဖ ဦးအောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကွန်ကရစ်လမ်းနှင့် Box Culvert သစ်တို့ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ရမ္မာထူးကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီး ကွန်ကရစ်လမ်း အရှည် ၉၃၄ ပေ၊ အကျယ် ၁၄ ပေဖြစ်ပြီး Box Culvert မှာ ၁၆ ပေ၊ ၅ ပေx ၃ပေ ရှိပြီး ခွင့်ပြုငွေကျပ်သန်း ၆၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖျာပုံမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် "လူငယ်စကားဝိုင်း" ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက ဖျာပုံမြို့ အထက(၂) ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ်ပညာရေးမှူး ဦးထိန်လင်းက အဖွင့်အမှာစကား ပြောကြားပြီး ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းအေးက လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ထို့နောက် "လူငယ်စကားဝိုင်း"ကို ဆက်လက်ကျင်းပရာ ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာလွင်က Moderator အဖြစ် ဆောင်ရွက်ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Grade (10)A မှ မောင်ပြည့်စုံအောင်က "လူငယ်နှင့်ကျန်းမာရေး"၊ မောင်ကောင်းခန့်ကျော်က "လူငယ်နှင့် ကြီးပွားရေး"၊ မနှင်းနှင်းအိက"လူငယ်နှင့်စာရိတ္တ"၊ Grade (10)D မှ မခင်သန့်ဇင်က "လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး"စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများအပေါ် ဦးစီးအရာရှိ ဒေါ်မာမာလွင်နှင့် ဦးဆောင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကာ အထက (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာကြိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ အဆိုပါစကားဝိုင်းသို့ အထက (၂) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။



၂၀၇

## လွိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာ၌ ဝါးအချောထည်ပြုလုပ်နည်းသင်တန်း (အခမဲ့)ဖွင့်လှစ်

**လွိုင်လင် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးအချောထည်ပြုလုပ်နည်းသင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ပန်ဝိုးကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဦးစွာ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မိမိတို့ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုလို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ လွိုင်လင်မြို့နယ်အတွင်းရှိ ပန်ဝိုးကျေးရွာ၊ မတ်လန်းကျေးရွာ၊ဝါးတောကျေးရွာနှင့် နောင်ကောကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ပက်လက်ကုလားထိုင်၊ ပလိုင်းတောင်း၊ ဆန်ကော၊ စားပွဲ၊ ခမောက်၊ Tissue box၊Phone stand၊ တိုင်ကပ်နာရီ၊ မီးအိမ်၊ ဘောပင်ခွက်ပြုလုပ်နည်း စသည့်သင်ခန်းစာများကို ကျွမ်းကျင်ဆရာနှစ်ဦးက ဒီဇင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စာတွေ့လက်တွေ့ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

# ပထမဆုံးအိမ်ရှင်အဖြစ်ကျင်းပမယ့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ-ဒေသတွင်းအဆင့်ပြိုင်ပွဲမှာ Winner ရရှိအောင် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာပါ

မနှင်းပွင့်အောင်

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲ (10th ASEAN Quiz – Regional Level) ကို ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၂ ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အာဆီယံဒေသတွင်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို အာဆီယံဒေသတွင်းနိုင်ငံများ၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဗဟုသုတများကို အာဆီယံမျိုးဆက်သစ်လူငယ်များ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိနားလည်နိုင်စေရန်နှင့် အာဆီယံနိုင်ငံများအကြား မိတ်ဆွေအဖြစ် ဆက်ဆံရေးများ၊ အပြန်အလှန်နားလည်မှုများ မြှင့်တင်နိုင်စေရန်ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အာဆီယံဒေသတွင်းနိုင်ငံများမှ ကျောင်းသား ကျောင်းသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် တာဝန်ရှိသူများကိုတွေ့ဆုံ၍ ပြိုင်ပွဲအပေါ် ၎င်းတို့၏ခံစားချက်အမြင်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လာမှု အခြေအနေများကို မေးမြန်းတင်ပြလိုက်ရပါသည်။


ဦးဇေယျာ


Ms. Sky Broxlyne Roy Maxwill


Ms. Nabiela Syifa Zahira


Mr. Tran Minh Hieu


Ms. Ly Mary


Ms. Do Bao Thuc Anh


Ms. Sirilak Sengdara


Mr. Nguyen Gia Nam

**ဦးဇေယျာ(ညွှန်ကြားရေးမှူး– အသံလွှင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

အာဆီယံအသိုက်အဝန်း မဏ္ဍိုင်(၃) ရပ်ရှိပါတယ်။ ဒီမဏ္ဍိုင်(၃)ရပ်ရဲ့ ထူထောင်မှု လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး သိရှိနိုင်ဖို့ အာဆီယံဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကို ကျွန်တော်တို့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်နဲ့ ကျင်းပရမှာဖြစ်ပါတယ်။ ဒီအတွက်ကြိုတင် ပြင်ဆင်မှုတွေ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ အသက် ၁၅ နှစ်ကနေ ၁၈ နှစ်အတွင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို ဖိတ်ကြားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ၂၀၂၁ ခုနှစ် ကတည်းက ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ပြီးဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံကို လာရောက်ယှဉ်ပြိုင်နိုင်တဲ့ နိုင်ငံခြောက်နိုင်ငံနဲ့ အွန်လိုင်းကနေ ယှဉ်ပြိုင်မယ့်နိုင်ငံလေးနိုင်ငံပေါင်းစပ်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ ရောက်ရှိလာတဲ့ အာဆီယံနိုင်ငံတွေက ပြိုင်ပွဲဝင်တွေ အဆင်ပြေချောမွေ့စွာ ယှဉ်ပြိုင်နိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ ဒီပြိုင်ပွဲကြီးကို တခြားနိုင်ငံတွေမှာ ကျင်းပခဲ့တဲ့နည်းတူ ခမ်းခမ်းနားနား ဝေဝေဆာဆာနဲ့ ကျင်းပသွားဖို့ ပြင်ဆင်ထားပါတယ်။

အခုပြိုင်ပွဲမှာ နိုင်ငံတစ်နိုင်ငံကို National level ပြိုင်ပွဲတွေကနေ အဆင့်ဆင့်ရွေးချယ်လာတဲ့ နိုင်ငံကိုယ်စားပြု သုံးဦးစီကို မြန်မာနိုင်ငံကို ဖိတ်ခေါ်ထားတာ ဖြစ်ပါတယ်။ ဖိတ်ခေါ်တဲ့အခါမှာ မြန်မာနိုင်ငံကလည်း ပြိုင်ပွဲဝင်သုံးဦး ရွေးချယ်ထားတာရှိပါတယ်။ ၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ မြန်မာ့အသံနဲ့ရုပ်မြင်သံကြား ရန်ကုန်မှာ နိုင်ငံတော်အဆင့် National Level ပြိုင်ပွဲအနေနဲ့ ကျင်းပပြီး သုံးဦးရွေးချယ်ခဲ့ပါတယ်။ သူတို့သုံးဦးကို ဇွန်လကနေစပြီး နိုဝင်ဘာလကုန်အထိ ဌာနဆိုင်ရာအသီးသီးက အာဆီယံရေးရာ ကျွမ်းကျင်တဲ့သူတွေနဲ့ အာဆီယံဆိုင်ရာ ဗဟုသုတတွေကို လေ့ကျင့်ပေးခဲ့ပါတယ်။ ပြိုင်ပွဲမှာ အသုံးပြုမယ့် Quiz 360 Software ကိုလည်း လေ့ကျင့်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ National Level ပြိုင်ပွဲရဲ့ Video Clip ကို Youtube မှာတင်ပြီး ကျန်တဲ့နိုင်ငံအသီးသီးက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူတွေဆီကို ဖြန့်ဝေပေးခဲ့ပါတယ်။ ကွန်ပျူတာစနစ်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ပတ်သက်ပြီး ကျောင်းသား ကျောင်းသူတွေကို ဒီနေ့မှာ မေးခွန်းဟောင်းတွေကို ထည့်သွင်းပြီး အစမ်းလေ့ကျင့်မှာ ဖြစ်ပါတယ်။ မနက်ဖြန် ကျင်းပမယ့် ပြိုင်ပွဲမှာလည်း ဒီနေ့လေ့ကျင့်တဲ့ ကွန်ပျူတာစနစ်အတိုင်း ပြိုင်ပွဲဝင်သွားရမှာ ဖြစ်ပါတယ်။

**Ms. Sky Broxlyne Roy Maxwill (မလေးရှားနိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်)**

ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ မလေးရှားနိုင်ငံကနေ လာရောက်တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကနေတစ်ဆင့် အကောင်းဆုံး အတွေ့အကြုံတွေ ရယူသွားမှာဖြစ်ပါတယ်။ အခုလို လာရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် ဆောင်းပါးတွေ၊ ဗဟုသုတအကြောင်းအရာတွေကို လေ့လာထားရပါတယ်။ အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့လည်း ပြင်ဆင်ထားပါတယ်။

**Ms.Nabiela Syifa Zahira (အင်ဒိုနီးရှားနိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်)**

ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ကနေ လာရောက်တာဖြစ်ပါတယ်။ အရင်ကကျင်းပခဲ့တဲ့ပြိုင်ပွဲတွေကိုကြည့်ပြီး လေ့ကျင့်တာပိုကောင်းပေမယ့် သူငယ်ချင်းတွေတစ်ယောက်နဲ့တစ်ယောက် မေးခွန်းတွေမေးပြီး လေ့ကျင့်တာ ပိုကောင်းပါတယ်။ ပြိုင်ပွဲကို ပျော်ပျော်ရွှင်ရွှင်နဲ့ တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

**Mr. Tran Minh Hieu (နည်းပြ၊ ဗီယက်နမ်နိုင်ငံ)**

ကျွန်တော် မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်ရောက်ဖူးတာဖြစ်ပါတယ်။ လှပြီး နွေးထွေးတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ ကျွန်တော့်ဗီယက်နမ်အသင်းကို တစ်လလောက် လေ့ကျင့်မှုတွေလုပ်ခဲ့ပါတယ်။ နိုင်ငံအဆင့် ပြိုင်ပွဲဝင်တွေထဲက အကောင်းဆုံးတွေကို ရွေးချယ်ပြီး ဒေသတွင်းအဆင့် ပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲဝင်တွေအနေနဲ့လည်း အကောင်းဆုံး ကြိုးစားသွားမယ်လို့ ယုံကြည်ပါတယ်။

**Ms. Ly Mary (ကမ္ဘောဒီးယားနိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်)**

ကမ္ဘောဒီးယားနိုင်ငံကနေ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အတူပါဝင်ယှဉ်ပြိုင်မယ့် တခြားနိုင်ငံတွေက




ကိုယ်စားပြု ပြိုင်ပွဲဝင်တွေကိုလည်း တွေ့မြင်နေရပြီဆိုတော့ ပထမဆုံးအတွေ့အကြုံအနေနဲ့ စိတ်လှုပ်ရှားပြီး ပြိုင်ပွဲကိုလည်း စိတ်ဝင်စားနေပါပြီ။ ကျွန်မအနေနဲ့ အောင်မြင်မှုတွေရရှိအောင် အဖွဲ့ဝင်တွေနဲ့ အတူတကွ အကောင်းဆုံး ကြိုးစားသွားမှာပါ။ ပြိုင်ပွဲမှာ အနိုင်ရဖို့အတွက်လည်း အလားအလာကောင်းတွေ ရှိတယ်လို့လည်း ထင်မြင်မိပါတယ်။

**Ms. Do Bao Thuc Anh (ဗီယက်နမ်နိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်)**

ဗီယက်နမ်နိုင်ငံကိုယ်စားပြုပြီး အခုလို လာရောက်ယှဉ်ပြိုင်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ တခြားပြိုင်ပွဲဝင်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အာဆီယံရဲ့ မူဝါဒတွေနဲ့ပတ်သက်ပြီးတော့လည်း လေ့လာရပါတယ်။ အာဆီယံနဲ့ပတ်သက်တဲ့ ဗဟုသုတတွေကိုလည်း အများကြီး လေ့လာခဲ့ရပါတယ်။

**Ms. Sirilak Sengdara (လာအိုနိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်)**

ဒီပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ တော်တော်လေးလုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအပါအဝင် တခြားနိုင်ငံက ပြိုင်ပွဲဝင်ကိုယ်စားလှယ်တွေနဲ့အတူ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားမှာပါ။ တော်တော်လည်း စိတ်လှုပ်ရှားနေပါတယ်။ ဒါပေမယ့်လည်း အကောင်းဆုံးလုပ်နိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ကျွန်မအနေနဲ့ အဖွဲ့ဝင်တွေနဲ့အတူ ကြိုတင်ပြင်ဆင်မှုတွေလုပ်ထားပါတယ်။

**Mr. Nguyen Gia Nam (ဗီယက်နမ်နိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က ဗီယက်နမ်နိုင်ငံကိုယ်စားပြု လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ **စာမျက်နှာ ၁၇ သို့** ○



Mr. Phouth Ada Sitthinonhthong



မောင်ဟိန်းလင်းထက်



မောင်ပြည့်စုံချမ်းသာ



မနှင်းပွင့်အောင်



Mrs. HA THI NGA

❍ စာမျက်နှာ ၁၆ မှ
အခုလို နိုင်ငံကိုယ်စားပြုပြီး (၁၀)ကြိမ်မြောက် Asian Quiz ကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲအတွက် တော်တော်လေး ပြင်ဆင်ထားပါတယ်။ အာဆီယံနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ တခြားဗဟုသုတ အကြောင်းအရာတွေကိုလည်း လေ့လာခဲ့ပါတယ်။ ပြိုင်ပွဲအတွက် လေ့လာပြင်ဆင်ချိန် တစ်လခန့် ရခဲ့ပါတယ်။

**Mr. Phouth Ada Sitthinonhthong**
**(နည်းပြ၊ လာအိုနိုင်ငံ)**

ကျွန်တော့်အနေနဲ့ ပြိုင်ပွဲအတွက် အချက်အလက်တွေ တတ်နိုင်သမျှ စုဆောင်းပြီး ကျောင်းသားတွေကို လအနည်းငယ် ကြိုတင်ပြင်ဆင်ပေးတဲ့အပြင် အာဆီယံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ သတင်းအချက်အလက် များစွာကို update ပြုလုပ်ပြီးလည်း သင်ကြားပေးပါတယ်။ နိုင်ငံအဆင့်ပြိုင်ပွဲကို အောက်တိုဘာလနှောင်းပိုင်းနဲ့ နိုဝင်ဘာလအစမှာ ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော့်အသင်းအနေနဲ့ အကောင်းဆုံးကြိုးစားပြီး အနိုင်ရရှိလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

**မောင်ဟိန်းလင်းထက်**
**(မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်)**

ကျွန်တော်တို့ အရင်နှစ်အောက်တိုဘာလကစပြီး ပြိုင်ပွဲအတွက် လေ့ကျင့်မှုတွေလုပ်ပါတယ်။ သူငယ်ချင်း အချင်းချင်းလည်း ကိုယ်သိသမျှ တတ်သမျှ မှတ်ထားသမျှတွေကို ပြန်လည်မေးမြန်းပါတယ်။ ဒီအဆင့်ရောက်ဖို့ ကျွန်တော်တို့အနေနဲ့ တစ်ဆင့်ပြီးတစ်ဆင့် တက်လာတာဖြစ်ပါတယ်။ နိုင်ငံအဆင့်ရွေးချယ်ထားတဲ့ ကိုယ်စားပြုအနေနဲ့ အာဆီယံဌာနအသီးသီးက ဆရာမကြီးတွေနဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာတွေကို သီးသန့်လေ့ကျင့်ပေးပါတယ်။ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရတော့မှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားဖို့ကောင်းပါတယ်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပတဲ့ ပြိုင်ပွဲကြီးမှာ ကျွန်တော်တို့အနိုင်ရအောင် ကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။

**မောင်ပြည့်စုံချမ်းသာ**
**(မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်)**

ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှု တော်တော်လေးလုပ်ခဲ့ပါတယ်။ ဝန်ကြီးဌာနပေါင်းစုံနဲ့ ကဏ္ဍပေါင်းစုံက ဆရာမတွေက ကျွန်တော်တို့ကို အွန်လိုင်းကနေ စာသင်ပေးတာလည်း ရှိပါတယ်။ သူငယ်ချင်းတွေစုပြီးလည်း စာလုပ်ကြတယ်။ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရတဲ့အတွက် အတွေ့အကြုံအသစ်တွေ ရရှိမှာဖြစ်ပါတယ်။ ဗဟုသုတတွေလည်း အများကြီးရရှိပါတယ်။ ဒီပြိုင်ပွဲက ကိုယ်တိုင်တင်မကဘဲ မြန်မာနိုင်ငံအတွက်ပါ ဂုဏ်ဆောင်ရတဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက် ဂုဏ်ယူဝမ်းသာပီတိဖြစ်မိပါတယ်။ ပြိုင်ပွဲကိုလည်း နိုင်မယ်ဆိုတဲ့ခံယူချက်နဲ့ ပြိုင်သွားမှာဖြစ်ပါတယ်။

**မနှင်းပွင့်အောင်**
**(မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်)**

အခုပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ အများကြီးစိတ်လှုပ်ရှားပါတယ်။ ဒါပေမဲ့လည်း အရင်လောက်တော့ မကြောက်တော့ပါဘူး။ မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့အနေနဲ့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ပထမဆုံး အိမ်ရှင်အဖြစ်ကျင်းပမယ့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ-ဒေသတွင်းအဆင့်ပြိုင်ပွဲမှာ Winner ရရှိအောင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ။

**Mrs. HA THI NGA**
**(နည်းပြချုပ်၊ ဗီယက်နမ်နိုင်ငံ)**

ပြိုင်ပွဲအတွက် အများကြီးကြိုတင်ပြင်ဆင်ထားပါတယ်။ အကောင်းဆုံးလုပ်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူတွေကလည်း အာဆီယံနဲ့ပတ်သက်တဲ့ ဗဟုသုတ၊ အချက်အလက်တွေကို အများကြီးကြိုတင်ပြင်ဆင်ထားတဲ့အတွက် ပြိုင်ပွဲမှာ အောင်မြင်မှုရရှိမယ်လို့လည်း ယုံကြည်ပါတယ်။ အခုပြိုင်ပွဲကို ဦးဆောင်ကျင်းပပေးတဲ့ မြန်မာနိုင်ငံကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီပြိုင်ပွဲက မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာတစ်ခုလည်း ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ ဒီပွဲကို လာရောက် ယှဉ်ပြိုင်ကြတဲ့အတွက် မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းတွေလည်းရပါတယ်။ အခုပြိုင်ပွဲကို နိုင်ငံကိုယ်စားပြုပြီး လာရောက်ယှဉ်ပြိုင်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

တွေ့ဆုံမေးမြန်း
အောင်ရဲသွင်၊ ဟိန်းမင်းစိုး
ဓာတ်ပုံ
ကိုအေးသန်း

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၀၀ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၅ | ၁၉၆၅ | ၁၉၅၀ | ၁၉၃၀ | ၂၀၂၅ | ၂၀၄၀ | ၁၉၃၅ | ၁၉၄၅ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၅ | ၂၂၀၀ | ၂၇၆၀ |
| 95 Ron | ၁၉၈၅ | ၂၀၃၅ | ၂၀၃၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၅၅ | ၂၀၄၀ | ၂၀၂၀ | ၂၁၁၅ | ၂၁၃၀ | ၂၀၂၅ | ၂၀၄၀ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၂၉၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၆၅ | ၂၃၀၅ | ၂၃၀၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၀ | ၂၃၃၀ | ၂၂၉၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၀ | ၂၃၄၅ | ၂၃၅၀ | ၂၅၇၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၅၀ | ၂၃၈၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၈၅ | ၂၄၈၀ | ၂၃၈၀ | ၂၃၉၀ | ၂၄၂၀ | ၂၄၂၅ | ၂၄၂၅ | ၂၆၄၅ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၅၀ | ၂၃၈၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၈၅ | ၂၄၈၀ | ၂၃၈၀ | ၂၃၉၀ | ၂၄၂၀ | ၂၄၂၅ | ၂၄၂၅ | ၂၆၄၅ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၀၃ | ၁၈၇၃ |
| 95 Ron | ၁၈၉၀ | ၁၉၆၁ |
| HSD (500 ppm) | ၂၁၅၉ | ၂၂၃၂ |
| HSD (50 ppm) | ၂၂၃၃ | ၂၃၀၇ |
| HSD (10 ppm) | ၂၂၃၃ | ၂၃၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အားရပါးရ အားထုတ်မယ်

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**



(ယခင်အပတ်မှအဆက်)

"အင်း–ကောင်းတာပေါ့"

"အဲဒီကောင်းတာပေါ့ကို ပြောမလို့ပါဘုရား၊ တပည့်တော်ကိုယ်ကို တပည့်တော်ကြွားဝါပြီး မပြောဘူး အရှင်ဘုရားနဲ့ ဆရာရင်း ဒကာရင်း ဖြစ်နေပြီပဲဟာ"

"အမယ်လေး ပြောမှာသာဆက်ပြီး ပြောစမ်းပါ

"ဟုတ်တယ်လေ တပည့်တော်က အမြဲသတိရှိတယ်လို့တော့ မပြောလိုပါဘူး၊ ဒါပေမဲ့ အချိန်၊ နေရာ၊ အလုပ်၊ အမူအရာတွေ ဘာမျှမရွေးတော့ဘဲ သတိရှိရှိတော့ နေတတ်လာပြီပဲ"

"အင်း"

"အဲ ဒါပေမဲ့ အမြဲတော့ သတိမရှိပါဘူး။ တစ်ခါတလေ ထားသတိတော့ လုပ်ရသေးတာပါပဲ"

"ဒါပေါ့၊ အမြဲတော့ သတိရှိနေဖို့ ဘယ်လွယ်ပါ့မလဲ၊ ထားသတိတွေတော့ ဖြစ်ရသေးတာပေါ့၊ သတိထားတော့ ထားသတိတော့ ဖြစ်တာပေါ့"

"ဟုတ်တယ်ဘုရား၊ အရင်က အဲဒီထားသတိနဲ့ နေရတာမှ အားရပါးရရှိသေးတယ်။ အခု အရှင်ဘုရား ပြောတဲ့ ရှိသတိကြီးဆိုတာရောက်လာမှ နေရတာ ပေါ့ရွှတ်ရွှတ်နဲ့ အားရပါးရမရှိလိုက်တာ"

"အင်း . . . ဖြစ်တတ်ပါတယ်"

"ဖြစ်တတ်ပါတယ် မလုပ်ပါနဲ့ဘုရား၊ တပည့်တော်တော့ တရားကို အားရပါးရပဲပြန်ပြီး အားထုတ်လိုက်ချင်ပြီ။ အရှင်ဘုရားပြောသလို သိပ်ပြီး မနေချင်ဘူး။ ပေါ့ရွှတ်ရွှတ်နဲ့"

"အင်း.... အင်း.... ဒကာကြီး၊ အပြစ်တင်ချင်တဲ့ သဘောကို သိပါပြီ။ နောက်ထပ် ဘယ်သူတွေကို အပြစ်တင်ချင်သေးတုံး၊ ပြောပါဦး"

"အရင်တစ်ခေါက်က တပည့်တော်နဲ့ လိုက်လာတဲ့ သူငယ်ချင်းတွေကိုပေါ့၊ သူတို့ကလည်း 'အေး ဟုတ်တယ်၊ ထားသတိထက် ရှိသတိက ပိုပြီးအားကောင်းတယ်၊ တို့လည်း အဲဒီလို ရှိသတိနဲ့ နေနိုင်အောင် ကြိုးစားနေတယ်၊ မင်းလည်း ကြိုးစားပေါ့'လို့ ဝိုင်းပြီးတိုက်တွန်းကြတယ်လေ။ အဲဒါကြောင့် သူတို့ကိုပါ အပြစ်တင်ချင်တာပေါ့။"

"အင်း. အပြစ်တင်လို့ပြီးရင် ဦးပဉ္ဇင်းကလည်း ပြန်ပြီးပြောစရာရှိတာကို ပြောရဦးမှာပေါ့"

"ပြောပေါ့ဘုရား၊ အားမနာနဲ့.. ပြောသာ ပြောပါ။ တပည့်တော်တောင်မှ အရှင်ဘုရားကို အားမနာဘဲ ပြောသေးတာပဲ"

"အင်း..ဟုတ်ပါတယ်၊ ဒါပေမဲ့ ဦးပဉ္ဇင်း ပြောချင်တာက ဒကာကြီးလို၊ မဟုတ်ပါဘူး၊ နောက်ပြီး ဦးပဉ္ဇင်းပြောမယ့် အကြောင်းကလည်း ရှင်ဘုရင်နဲ့ လယ်သမားကြီး ထမင်းစားကြတဲ့ အကြောင်းပါ၊ ဒကာကြီးများ သိပြီးပြီလားလို့"

"ဟာ မသိသေးပါဘူး၊ တပည့်တော်ကို မပြောဖူးသေးပါဘူး"

"ကဲ ဒီလိုဆို ပြောရတာပေါ့၊ လိုရင်းတိုရှင်းပေါ့"

"မှန်ပါဘုရား"

"တစ်နေ့ သူဌေးကြီးတစ်ယောက်က သူ့ရဲ့ အသိမိတ်ဆွေတွေကို ထမင်းဖိတ်ကျွေးတယ်တဲ့၊ ပုံပြင်ပဲဆိုဆို၊ တကယ်ဖြစ်ခဲ့တယ်ပဲ ပြောပြောပေါ့"

"မှန်ပါဘုရား"

"သူ့ရဲ့ ထမင်းစားပွဲပြင်ပုံက တစ်မျိုးစီစဉ်ထားတယ်၊ တစ်ယောက်တစ်ဝိုင်း၊ ကိုယ်ကြိုက်ရာ ကိုယ်ဝင်ပြီး စားနိုင်တယ်၊ အားရပါးရလည်း စားစေချင်တယ်"

" မှန်ပါဘုရား"

"ကြည့်.. ပြင်ထားတဲ့ထမင်းဝိုင်းတွေကလည်း ဒီဘက်ဝိုင်းက ဆီဦးထောပတ်တွေများတယ်၊ ဆန်ကလည်း နူးညံ့ပျော့ပျောင်း အိစက်နေတဲ့ ဩဇာ အရသာနဲ့ ပြည့်စုံတဲ့ ထမင်းပွဲ၊ ဟင်းခွက်တွေကလည်း သူ့လိုပဲ အရသာတွေ၊ ဩဇာဓာတ်တွေ အပြည့်နဲ့၊ မမြင်ဖူးပေမယ့် နတ်သုဓာလို့ ပြောရမှာပေါ့"

"တအား–အရသာရှိမယ့် ထမင်းဝိုင်းဖြစ်မှာပေါ့ ဘုရား''

"ဟုတ်တာပေါ့ ဒကာကြီး၊ အရသာတွေ အများကြီးရှိ၊ ဩဇာအဆီအနှစ်ကလည်း အပြည့်ပါပဲ၊ အဲ ဒါပေမဲ့ အများကြီးတော့ ပြင်မထားပါဘူး၊ ထမင်းကလည်း တစ်ပန်းကန်၊ နှစ်ပန်းကန်ပါပဲ၊ ဇလုံကြီးတွေမျိုးနဲ့တော့ ထည့်မထားပါဘူး"

"မှန်ပါဘုရား"

"အဲ နောက်တစ်ဝိုင်းကတော့ စောစောက ထမင်းဝိုင်းနဲ့တော့ ပြောင်းပြန်ပါပဲ၊ ထမင်းကလည်း ဆန်ကြမ်း၊ ထည့်ထားတာကလည်း လေး၊ ငါး ပန်းကန်စာ၊ ဇလုံကြီးတွေနဲ့ ထည့်ထားတယ်၊ ဟင်းကလည်း ကြည့်လိုက်ပါဦး၊ ငရုတ်သီးစိမ်းထောင်းစပ်စပ်၊ ဝက်သားဟင်းကလည်း အတုံးကြီးတွေဆိုရင်လည်း လက်သီးဆုပ်ကြီးတွေထက်တောင် ကြီးချင်တယ်၊ ဟင်းခွက်တွေက များလည်းများတယ်၊ စုံလည်း စုံတယ်"

"အင်း တပည့်တော် သဘောပေါက်ပြီဘုရား အဲဒီစားပွဲနှစ်လုံးကို ထမင်းစားဖို့ရောက်လာတဲ့ ရှင်ဘုရင်နဲ့ လယ်သမားနှစ်ယောက် ဘယ်ဝိုင်းကို ဘယ်သူရွေးမလဲ၊ မေးမလို့ မဟုတ်လားဘုရား"

"ဒကာကြီးက ဘယ်ဆိုးလို့လဲ"

"ဒီလောက်တော့လည်း အကင်းပါးပါသေးတယ် ဘုရား၊ ရှင်ဘုရင်က ရှင်ဘုရင်နဲ့တန်တဲ့ အဆီအဆိမ့်များတဲ့ ထမင်းဝိုင်းဝင်မှာပေါ့၊ နည်းနည်းနဲ့ သူက အာသာပြေမှာကိုး၊ လယ်သမားကတော့ လက်သီးဆုပ်လောက် ဝက်သားတုံးကြီးတွေကို ချဉ်ရည်ဟင်း၊ ငါးပိရည်နဲ့ ငရုတ်သီးထောင်းစပ်စပ်နဲ့ စားမှာပေါ့ဘုရား၊ ကဲ.. မဟုတ်ဘူးလား"

"ဟုတ်လိုက်လေ ဒကာကြီးရာ ဒကာကြီးက အကင်းပါးပြီး ဉာဏ်ကောင်းသားပဲ၊ ဒကာကြီးကို ဦးပဉ္ဇင်းက ဒီလိုမေးရင်ရော"

"ဘာမေးမှာလဲ ဘုရား၊ မေးပေါ့"

"ဒကာကြီးဆိုရင် ဘယ်ဝိုင်းမှာ ဝင်ပြီးစားမလဲ"

"ဟာ–ဗုဒ္ဓေါ၊ အရှင်ဘုရားရဲ့ ဗုဒ္ဓေါက တပည့်တော်ဆီကိုရောက်လာပြီ၊ ဖြေရတော့ ခက်သားပဲ"

"မခက်နဲ့ ဖြေသာဖြေပါ"

"ခက်တယ်ဘုရား၊အရှင်ဘုရားရဲ့ ထမင်းဝိုင်းက တစ်ယောက်တစ်ဝိုင်း၊ နောက်ပြီး တစ်ဝိုင်းကိုလည်း တစ်မျိုးဆိုတော့ အနုဝိုင်းနဲ့ အကြမ်းဝိုင်း၊ ဘယ်လိုမှလည်း တွဲလို့မရဘူး"

"ရပါတယ် ဒကာကြီး ရပါတယ်၊ ဒကာကြီးသာ ဆိုရင် ဟိုဘက်ဝိုင်း၊ ဒီဘက်ဝိုင်း နှစ်ဝိုင်း ပေါင်းပြီး ကြမ်းကြမ်းတစ်လှည့်၊ နုနုတစ်လှည့်စားမယ်လို့ စိတ်မဖြစ်ဘူးလား"

"ဟာ – ဖြစ်တာပေါ့ဘုရား၊ အဲဒီလိုသာ စားလို့ရရင် သိပ်ကောင်းမှာပေါ့"

"ဟုတ်တယ် ဒကာကြီး၊ အဲဒီလိုစားရမှလည်း ဒကာကြီးက အာသာပြေတယ်၊ အလိုဆန္ဒပြည့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"လယ်သမားဟာ လယ်သမားနဲ့သင့်တော်တာကို စားရတာ နှစ်သက်သလို၊ ရှင်ဘုရင်ကလည်း ရှင်ဘုရင်နဲ့သင့်တော်တာကို စားရတာနှစ်သက်တာပေါ့"

"အင်း – ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ဒကာကြီးရဲ့ နှစ်သက်မှုက အကြမ်းကိုလည်း မဟုတ်၊ အနုကိုလည်း မဟုတ်ဆိုတာတော့ သိနိုင်တာပေါ့"

"ဘာဖြစ်လို့လဲဘုရား"

"ဘာဖြစ်လို့လဲဆိုရင် ဒကာကြီးလျှောက်ထားတဲ့ တရားအကြောင်းနဲ့ပြောရရင် ထားတဲ့သတိနဲ့ ရှိတဲ့သတိလေ၊ ထားတဲ့သတိက အာရုံကိုပဲ မပြတ်မလပ် ဂရုစိုက်ရတယ်၊ ရှိတဲ့သတိကတော့ စိတ်မှာပဲ အမြဲရှိနေတယ်၊ ဘာအာရုံပေါ်ပေါ်၊ သတိရှိနေတဲ့ စိတ်ကို မနှောင့်ယှက်နိုင်ပါဘူး"

"တပည့်တော်လည်း သတိထားပါတယ် ဘုရား"

"တကယ်လို့များ၊ ဒကာကြီးကို မစားချင်လည်း စား၊ စားချင်လည်းစား ဆိုပြီးတော့ ရှင်ဘုရင်စားတဲ့ စားတော်ပွဲကို တစ်နှစ်၊ နှစ်နှစ်၊ သုံး၊ လေးနှစ်တန်သည် စားခိုင်းခဲ့လို့ စားခဲ့ဖူးရင်၊ လယ်သမား ထမင်းဝိုင်းကို နှစ်နှစ်သက်သက်နဲ့ အားရပါးရ စားဦးမလား"

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၁၉)

**ဦးမင်းဟန်(ဘီအေ)**

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး ဘိုးလေးကြွက်အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးအောက်သို့ ဦးတည်လာနေကြသည်။ ကုက္ကိုပင်ကြီးအောက်တွင် နှုတ်မှတွတ်တွတ်နှင့် ဘိုးလေးကြွက်က ခပ်ဖြည်းဖြည်းလမ်းလျှောက်နေရာ မောင်ထူးတို့ သုံးဦး ခြေလှမ်းတုံ့သွားကြသည်။

"လာလာ မြေးတို့၊ လာကြ၊ ထိုင်ကြ"

အသင့်ရှိနေသည့် စားပွဲဝိုင်းတွင်ထိုင်ကြရန် ဘိုးလေးကြွက်က ပြောလည်းပြော သူကိုယ်တိုင်လည်း ဝင်ထိုင်လိုက်သည်။ ထိုအခါမှ မောင်ထူးတို့ သုံးဦးလည်း အသာအယာဝင်ထိုင်ကြတော့သည်။

"မြေးတို့အတွက် ဘိုးလေးအိမ်က ပြင်ဆင်ပေးလိုက်တာ၊ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ကြော်တွေ စားကြပါဦး"

ဘိုးလေးကြွက်က ကောက်ညှင်းပေါင်းပန်းကန်ကို ဖွင့်လိုက်ရင်း ပြောလိုက်ရာ အငွေ့တထောင်းထောင်းနှင့် ကောက်ညှင်းပေါင်းက မောင်ထူးတို့ သုံးဦးကိုသဘောတွေ့စေသည်။

"ဟုတ်ကဲ့.. ဘိုးလေး"

"ဟဲ့– နေဦးလေ၊ နင်ကလည်း စားဆိုတာနဲ့ တန်းနှိုက်တော့မလို့ပဲ။ ဘိုးလေး အရင်စားပါစေဦး မောင်ထူးရာ"

မောင်ထူးက ဘိုးလေးကြွက်၏စကားအဆုံးမှာ ကောက်ညှင်းပေါင်း ပန်းကန်ဆီသို့ လက်ပြင်လိုက်ရာ ပူစူးမက ဝင်ဟန့်လိုက်ခြင်းဖြစ်သည်။

"ရပါတယ်မြေးရယ်။ ဘိုးလေးက စားပြီးပါပြီ။ စားကြ၊ စားကြ။ ဒါနဲ့ ကောင်ညှင်းပေါင်းမစားခင် လက်ကို အရင်ဦးဆုံးရေနဲ့ဆေးကြောလိုက်ဦးနော်။ အဲဒါမှ ကောက်ညှင်းပေါင်းကို ကိုင်ရတာ အဆင်ပြေမယ်။ ပြီးတော့ ကျန်းမာရေးနဲ့လည်း ညီညွတ်တာပေါ့"

"ဟုတ်ကဲ့ ဘိုးလေး မှတ်သားထားပါ့မယ်"

"ဒီနေရာမှာ ခုလိုလေး အမှတ်မထင် ဗဟုသုတရရှိတာလည်း မှတ်သားရမယ်ကွယ့်၊ စာသင်ခန်းယဉ်ကျေးမှုဆိုတာကို ပြောရရင် ကျောင်းကစာသင်ခန်းထဲမှာရယ်မှ မဟုတ်ပါဘူး၊ စာပေပညာပဲဖြစ်ဖြစ်၊ လောကီပညာပဲဖြစ်ဖြစ် အတတ်ပညာတစ်ခုခုကို သင်ယူမှတ်သား လေ့ကျင့်တဲ့နေရာကို စာသင်ခန်းလို့ ခေါ်ဆိုလို့ရပါတယ်။ ဒီနေရာကိုပဲ ကြည့်လေ ကုက္ကိုပင်ကြီးအောက်မှာ စားပွဲဝိုင်းချပြီး မြေးတို့ကို လောကီ၊ လောကုတ္တရာအကြောင်းတွေ သင်ကြားပို့ချပေးတဲ့နေရာမဟုတ်လား။ ဒါကြောင့် ဒီနေရာကိုလည်း သင်ကြားသင်ယူတဲ့နေရာဖြစ်လို့ စာသင်တဲ့ နေရာ၊ စာသင်ခန်းရယ်လို့ ခေါ်ဆိုမှတ်ယူလို့ရပါတယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးသား အသင့်ပါလာသည့် မှတ်စုစာအုပ်အသီးသီးတွင် လိုက်လံရေးမှတ် နေကြလေသည်။ ဘိုးလေးကြွက်က ရေနွေးကြမ်းပြည့်ပြည့်တစ်ခွက်ကို တစ်ကြိုက်တည်းမော့သောက်လိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်းစကားဆက်သည်။

"မြေးတို့ကို စာသင်ခန်းယဉ်ကျေးမှုအကြောင်းတွေ ပြောလာတာ အတော်လေးတော့များနေပါပြီ။ ဒါပေမဲ့ ပြောရင်းဆိုရင်း တွေ့တာမြင်တာလေးတွေက ရှိနေပြန်တော့လည်း ထပ်ထပ်ပြောနေရတာပေါ့။ မြေးတို့အတွက်တော့ မှတ်သားစရာတွေက ပိုပိုပြီးတော့ တိုးလာတာပေါ့ကွယ်"

"ဟုတ်ကဲ့ဘိုးလေး။ မြေးတို့အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ မှတ်သားစရာတွေပါပဲ"

"ဘိုးလေးပြောသမျှတွေကိုက မြေးတို့အတွက် တစ်လုံးမကျန် မှတ်သားတာဖြစ်လို့ ဗဟုသုတကြွယ်ဝ ရပါတယ်။ အိမ်ပြန်ရောက်တော့လည်း ပြန်ဖတ်ကြည့်ပါတယ်။ မြေးတို့ အချင်းချင်းလည်း ပြန်ပြော ပြန်မေးနဲ့ ဆွေးနွေးကြပါတယ် ဘိုးလေး"

"ကောင်းတယ်ကွယ်။ မြေးတို့တွေ ပြောတာဆိုတာကြားရတာ ဘိုးလေးအားရှိတယ်။ မြေးတို့က လိမ္မာကြပါပေတယ်။ အဲဒီလို မှတ်သားမယ်။ မှတ်သားထားတာတွေကို ပြန်ဖတ်မယ်။ အချင်းချင်း အခါသင့်တဲ့အခါ အပြန်အလှန်ဆွေးနွေးကြတယ်ဆိုရင် မမေ့နိုင်တော့ဘူးပေါ့။ ပိုပြီးမှတ်မိနေနိုင်တာပေါ့ကွယ်။ ကျောင်းစာသင်ခန်းထဲမှာလည်း အလျှဉ်းသင့်ရင် သင့်သလို ပြောဆိုချပြလို့ ရတာပေါ့။ လူမှုဝန်းကျင်မှာလည်း ကြုံရင်ကြုံသလို ပြန်ပြောလို့ရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"ခုမှ စဉ်းစားမိတာလေးရှိလို့ ပြောလိုက်ဦးမယ်။ မှတ်သားစရာကောင်းပါတယ်။ လူကြီးလူကောင်းတွေနဲ့ဖြစ်စေ၊ သူစိမ်းတွေနဲ့ဖြစ်စေ စကားပြောတဲ့အခါ အဲဒီလူကို ကြည့်ပြောရမယ်။ ခေါင်းငုံ့ပြီး မပြောရဘူးနော်"

"ဟုတ်ကဲ့ဘိုးလေး၊ မှတ်သားထားပါ့မယ်"

မောင်ထူးတို့သုံးဦးမှာ မှတ်စုစာအုပ်ကိုယ်စီဖြင့် ရေးမှတ်နေကြလေသည်။ ဘိုးလေးကြွက်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကြည့်နေရာမှ ဖြည်းဖြည်းချင်းစကားဆက်သည်။

"ဆရာ ဆရာမတွေနဲ့ တွေ့တဲ့အခါမှာတော့ ခေါင်းငုံ့ပြီးအရိုအသေပေးရမှာပေါ့ကွယ်။ စကားပြောတဲ့အခါမှာတော့ မျက်နှာချင်းဆိုင်ပြီး ရဲရဲဝံ့ဝံ့နဲ့ စကားလုံးတွေရှင်းလင်းပီသအောင် တည်တည်ငြိမ်ငြိမ်နဲ့ ပြောဆိုနိုင်ရမယ်။ ကြောက်လန့်၊ ရှက်ရွံ့တဲ့ပုံစံမျိုးဖြစ်မနေရဘူးနော်။ ပြန်လည်စကားပြောတဲ့အခါ လေးစားသမှုလည်းရှိရမယ်။ မိမိကိုယ်ကိုလည်း ယုံကြည်မှုရှိရှိ ပြန်လည်ပြောဆိုနိုင်ရမယ်ကွယ့်"

"ဟုတ်ကဲ့ဘိုးလေး၊ မြေးတို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရှိနဲ့ ပြောဆိုဆက်ဆံတတ်အောင် ကြိုးစားလေ့ကျင့်သွားပါ့မယ်"

"မိမိကိုယ်ကိုယ်ကိုယ် ယုံကြည်မှုရှိသူဟာ အောင်မြေတစ်ဝက်နင်းတယ်ကွယ့်။ အောင်မြေဆိုတာ ပြောဆိုဆက်ဆံရာပဲဖြစ်ဖြစ်၊ ကိုယ်ဖြစ်စေချင်တာကို ဆရာဆရာမကို ပြောချင်တာပဲဖြစ်ဖြစ်၊ ဆရာ ဆရာမက သင်ခန်းစာတွေမေးလို့ ပြန်ဖြေတာမျိုးပဲဖြစ်ဖြစ် ပြန်ပြောဖြစ်တဲ့အခါမျိုးတိုင်းမှာ ဟန်ပန်အမူအရာကအစ ပြောတဲ့စကားလုံးတွေအဆုံး ယုံကြည်မှုရှိရှိနဲ့ဆိုရင် အောင်မြင်မှုကတစ်ဝက်သေချာတာကို ပြောတာ။ မြေးတို့အနေနဲ့ ယုံကြည်မှုရှိနေဖို့ပါပဲ"

"ဟုတ်ကဲ့ ဘိုးလေး၊ ဖြစ်ရပါစေ့မယ်လို့ မြေးတို့ ကတိပေးပါတယ်"

"သာဓုကွယ်၊ သာဓု၊ သာဓု"။

# ပါရမီဆယ်ပါးမင်္ဂလာ

**သုတေသီ ဦးသိမ်းဇံ**

## ပညာပါရမီ

**နွားတရားစီရင်ခန်း**

"ငါ့နွားတွေကို ဘယ်ကိုမောင်းသွားတာလဲ"

"အလို- ဘယ်လို ပြောလိုက်တာလဲ၊ ငါ့နွား ငါမောင်းလာတာ၊ ဘာစကားပြောတာလဲ"

နွားရှင်နှင့် နွားခိုးတို့ အပြန်အလှန်ပြောဆို ငြင်းခုံနေကြခြင်းဖြစ်သည်။

ဖြစ်စဉ်မှာ အရှေ့ယဝမဇ္ဈဂုံးရွာသားတစ်ဦးသည် မိုးတွင်းကာလ မိမိလယ်တွင်သုံးနိုင်ရန် နွားတစ်ရှဉ်းဝယ်ယူလာပြီး စားကျက်မှာ လွှတ်ကျောင်းနေလေသည်။ ခပ်လှမ်းလှမ်းသစ်ပင်ရိပ်တွင် ထိုင်ကြည့်နေရာမှ ငိုက်မျဉ်းလာရသည်။ ထိုအခွင့်အရေးကို ခိုးသားတစ်ယောက်က အမိအရ အသုံးချကာ နွားတစ်ရှဉ်းကို မောင်းပြေးလေတော့သည်။ နွားရှင်လည်း အိပ်ငိုက်ရာမှ သတိဝင်လာသည့်အခါ နေရာတွင်နွားများကို မတွေ့ရတော့ဘဲ မလှမ်းမကမ်းတွင် လူတစ်ဦး ခပ်သွက်သွက် မောင်းသွားသည်ကိုတွေ့ရသဖြင့် အမြန်ပြေးလိုက်ကာ အမိဖမ်းပြောသော်လည်း သူခိုးက ပြန်လည်ငြင်းဆန်မှုကြောင့် အငြင်းပွားရာမှ ဆွဲလားရုန်းလားဖြစ်လာ၍ လူအများ ဝိုင်းအုံလာကြတော့သည်။

"ကဲကဲ အငြင်းပွားမနေကြနဲ့ ဒီအနီးအနားမှာ မဟောသဓာပညာရှိတစ်ဦးရှိတယ်။ သူဆုံးဖြတ်တာ မှန်ကန်ပါလိမ့်မယ်"

လူအုပ်အတွင်းမှ အသံထွက်လာချိန်တွင် နွားရှင်နှင့် နွားခိုးတို့သည်လည်း မဟောသဓာသူငွေးသားနှင့် အပေါင်းအပါများ ဆော့ကစားရာ နေရာအနီးသို့ရောက်လာလေရာ မဟောသဓာပညာရှိက နွားခိုးသူအား ချက်ချင်းပင် သိငြားသော်လည်း သက်သေသာဓကဖြင့် ဆုံးဖြတ်ပေးရန် တွေး၍ စကားစလိုက်သည်။

"သင်တို့ ငါ့အဆုံးအဖြတ်ကို နာခံကြမလား"

အငြင်းပွားသူနှစ်ဦးစလုံးက လက်ခံကြသဖြင့် နွားခိုးဘက်သို့လှည့်ကာ မေးခွန်းထုတ်လိုက်သည်။

"ဒီနွားတွေက သင့်နွားဆိုတာ အမှန်ပဲလား"

"မှန်ပါတယ်။ ကျွန်ုပ်နွားတွေကို ယူဆောင်ပြီး သွားနေစဉ်မှာ မက်မောစိတ်ကြီးတဲ့ ဒီလောဘသားက သူ့နွားဆိုပြီး စွပ်စွဲတာပါ။ ကျွန်ုပ်ရဲ့ နွားတွေပါ"

"ဘာကွ ဘာပြောတယ်။ ငါ့နွားတွေကိုများကွာ"

နွားရှင်က သူ့ကိုမမေးရသေးဘဲ ဝင်ပြောလာသဖြင့် မဟောသဓာပညာရှိက တားလိုက်ရင်း ဆက်ပြောသည်။

"မမေးရသေးဘဲ ဝင်မပြောပါနဲ့။ မေးလာရင်လည်း လိုရင်းပဲဖြေပါ။ အပိုတွေ ထည့်မပြောကြနဲ့"

မဟောသဓာက တစ်ချက်ဟန့်လိုက်ပြီး နွားခိုးအား ဆက်မေးလေသည်။

"ကောင်းပါပြီ၊ သင့်နွားဆိုရင် အဘယ်သို့သော အစာကို ကျွေးပါသလဲ"

"ကျွန်ုပ်က နွားတွေကို အစာကောင်းပဲကျွေးပါတယ်။ ကျွန်ုပ်က တိရစ္ဆာန်တွေကို ချစ်ခင်တယ်လေ။ တန်ဖိုးလည်းထားပါတယ်။ ဒါကြောင့်မို့ နွားတွေကို ယာဂုတိုက်ပြီး နှမ်းဖတ်နဲ့ ပဲမှော်ကိုသာ တိုက်ကျွေးပါတယ်"

"သေချာတယ်နော်။ ပရိသတ်အပေါင်း အားလုံး မှတ်ထားကြပေတော့"

မဟောသဓာက ပရိသတ်များကြားအောင် ပြောကြားလိုက်ပြီး နွားရှင်ဘက်သို့လှည့်ကာ မေးခွန်းထုတ်လိုက်သည်။

"သင်ကလည်း သင့်နွားလို့ဆိုတယ်နော်။ ဟုတ်ပါသလား"

"ဟုတ်ပါတယ်။ ကျွန်တော်မျိုးရဲ့ နွားတွေပါ။ မိုးမှာခိုင်းဖို့ ဝယ်လာပြီး စားကျက်မှာ ခဏ ..."

မဟောသဓာက လက်ပြဟန့်တားလိုက်ရင်း ဆက်ပြောလိုက်သည်။

မေးတာသာဖြေပါ။ ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူးလို့ ဖြေပေါ့"

"ဟုတ်ပါတယ်.. ခင်ဗျာ"

"ဒါဆိုရင် သင်ရော နွားတွေကို ဘာအစာ ကျွေးသလဲ"

"ကျွန်တော်မျိုးက ဆင်းရဲသားပါ။ ယာဂုလည်း မတိုက်နိုင်သလို နှမ်းဖတ်လည်း မကျွေးနိုင်ပါဘူး။ အလကားရတဲ့ မြက်ပဲကျွေးနိုင်တာပါ"

"မြက်ကျွေးတယ်ဆိုရင် လုံလောက်ပြီ။ ကဲကဲ သူတို့စကားတွေကိုမှတ်သားထားကြပေလေ့"

မဟောသဓာပညာရှိက နှစ်ဖက်ပြောစကားများကို မှတ်သားစေပြီး သူ့အဖွဲ့သားများကို သျှိသျှားရွက်ကို ရှာယူစေခဲ့ကာ ထုထောင်းပြီးရေနဲ့ဖျော်လျက် နွားများကိုတိုက်ရန်စေခိုင်းလိုက်သည်။ ခဏအကြာတွင် နွားများဝမ်းသွားသော် နွားချေးများကို လူအများက ဝိုင်းအုံကြည့်ရှုကြလေသည်။ နွားများက မြက်စားထားသဖြင့် နွားချေးများတွင် မြက်များရောပါနေသည်ကို တွေ့မြင်ကြရတော့သည်။

"အားလုံး မျက်မြင်ပဲ။ နွားရှင်၊ နွားခိုးသဲကွဲသွားကြပြီ မဟုတ်လော"

"ဟုတ်....ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော် ခိုးမိပါတယ်။ လောဘဇောတက်မိပါတယ်"

"သင်ဟာ မိုက်လုံးကြီးလှပါလား။ ခိုးမှုတင်မဟုတ်တော့ဘူး၊ ငါ့ကိုလိမ်ညာတဲ့တစ်မှုပါ ကျူးလွန်တာဖြစ်လို့ တစ်ချိန်တည်းမှာ နှစ်မှုကျူးလွန်တာ"

"ရုတ်တရက်ဖြစ်ပေါ်လာတဲ့ လောဘစိတ်ကြောင့် ဖြစ်ရတာပါ။ ခွင့်လွှတ်ပေးပါ ခင်ဗျာ"

"သင်မှတ်ထားရမှာက မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပေဘူး။ အပြစ်ကျူးလွန်တဲ့အတွက် လက်ရှိပစ္စုပ္ပန်မှာ အပြစ်ခံရတဲ့အပြင် နောင်တမလွန်မှာလည်း ငရဲကျခံရဦးမယ်။ နောက်နောင်ဘယ်တော့မှ မကျူးလွန်မိစေနဲ့၊ ကြားလား"

မဟောသဓာပညာရှိက နွားခိုးအား နောင်တတရားရသည်အထိ ဆိုဆုံးမပြီး နွားများကို ပိုင်ရှင်လက်ထဲသို့ အပ်နှံပေးလိုက်လေတော့သည်။

မဟောသဓာသုခမိန်ဟူသည်ကား မွေးကင်းစမှာပင် လက်အတွင်းတွင် ဆေးတောင့်ပါလာသူဖြစ်သည်။ ထိုဆေးတောင့်မှာ သိကြားမင်းပေးအပ်လိုက်သည့် ဆေးတောင့်လည်းဖြစ်သည်။ ယင်းဆေးတောင့်ဖြင့် ရောဂါအားလုံးကို ပျောက်ကင်းစေသည်။

"သားလေးကိုင်လာတာ ဘာကြီးလဲ"

"ဆေးတောင့်ပါ... မေမေ" ဟု မွေးကင်းစအရွယ်မှာပင်စကားစပြောသည်ဖြစ်၍ ထူးခြားသည့်ကလေး၊ ဘုန်းကံကြီးမြင့်သူဖြစ်ကြောင်း ဖခင်သူဌေးကြီးက ကြည်နူးကျေနပ်နေလေသည်။

"ငါ့သားဟာ ဘုန်းကံကြီးသူဖြစ်လေတော့ တစ်ယောက်တည်း မွေးဖွားလာသူတော့ မဟုတ်တန်ရာ၊ စုံစမ်းဦးမှပါပဲလေ" ဟုတွေးလျက် စုံစမ်းသော် မဟောသဓာနှင့် တစ်ချိန်တည်းမွေးဖွားသူ အယောက်တစ်ထောင်ရှိကြောင်း သိရသဖြင့် သူဌေးကြီးက အဝတ်အစားများ ထောက်ပံ့သည့်အပြင် နို့ထိမ်းတစ်ယောက်စီပါခန့်ထားပေးလေသည်။

"နောင်တစ်ချိန်မှာ ငါ့သားရဲ့ အခြံအရံများဖြစ်စေအံ့"ဟု တွေးကာ စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး မဟောသဓာနှင့်အတူ မင်္ဂလာပြုကာ အခြံအရံဖြစ်စေပြီး အတူတကွ ဆော့ကစားစေလေသည်။

မဟောသဓာသူဌေးသားသည် ငယ်ရွယ်စဉ်ကပင် အမြော်အမြင်ကြီးသူဖြစ်သည်။

ခုနစ်နှစ်သားအရွယ်မှာပင် နေထိုင်ရာအရပ်၏ လမ်းဆုံလမ်းခွတစ်နေရာတွင် ကစားရုံကြီးတစ်ရုံ တည်ဆောက်သည်။ မဟောသဓာက အပေါင်းအဖော်များနှင့် ကစားရန်ရည်ရွယ်ထားသည်။ ထိုသို့ တည်ဆောက်ရာတွင်လည်း လက်သမားများခေါ်ယူပြီး သူကိုယ်တိုင်ပန္နက်ရိုက်လျက် အစစအရာရာ စီမံကွပ်ကဲလေသည်။

ကစားရုံဟု ခေါ်ဆိုသော်လည်း အာဂန္တု ရဟန်းများ၊ ပုဏ္ဏားများတည်းခိုရန်၊ ခိုကိုးရာမဲ့သူများတည်းခိုရန်၊ လူဧည့်သည်များ တည်းခိုရန်၊ ကုန်ပစ္စည်းများ သိုလှောင်ရန်နှင့် ခိုကိုးရာမဲ့ အမျိုးသမီးများ မီးဖွားရန် စသည်ဖြင့် အခန်းများပါရှိသည်။

ထို့အပြင် တရားစီရင်ဆုံးဖြတ်ရာနေရာလည်း ပါရှိသည်။

ထို့နောက် ပန်းချီဆရာများခေါ်ယူပြီး စိတ်တိုင်းကျ ရေးဆွဲစေသည်။ ကစားရုံဆိုသော်လည်း လူနေအိမ်ကဲ့သို့ လိုလေသေးမရှိ ပြည့်စုံသည်။

ကစားရုံအနီးတွင် ရေတွင်း၊ ရေကန်၊ ရေဆိပ်များ ပြုလုပ်ထားရှိပြီး သစ်ပင်ပန်းပင်များ စိုက်ပျိုးထားသည်ဖြစ်၍ လွန်စွာအမြင်တင့်တယ်သည်။ ယင်းကစားရုံတွင် မဟောသဓာနှင့် အပေါင်းအဖော်တစ်ထောင်တို့မှာ ပျော်ရွှင်စွာနေထိုင်ကြပြီး မှန်ကန်သည့် တရားစီရင်မှုဖြင့် သတ္တဝါအပေါင်းအား ကယ်တင်ရခြင်းကို နှစ်သက်ကျေနပ်လျက် ရှိလေသည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ

**သစ္စာလေးပါးတရားသိမြင်ရမယ်**

အရိယသစ္စာနဒဿနံ။

"သစ္စာလေးပါးတရားကို သိမြင်ခြင်း၊ အရိယာသူတော်ကောင်းတို့ကို ဖူးမြင်ရခြင်း၊ သစ္စာလေးပါးတရားကို သိမြင်ရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈ ဖြာမင်္ဂလာကဗျာများရဲ့ နဝမမြောက်ကဗျာဖြစ်တဲ့ "ခြိုးခြံရေးမင်္ဂလာလေးပါး"ထဲက နံပါတ်သုံး မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုး ရှေးရှေးတုန်းအခါက...။

"အရှင်ဘုရားတို့သည် အဘယ်အကြောင်းကြောင့်ရဟန်းပြုကြပါသနည်း"

ဗာရာဏသီပြည် ဗာရာဏသီမြို့ တံခါးရွာတွင် ပစ္စေကဗုဒ္ဓါလေးပါးတို့ကို အိုးထိန်းသည်က နေအိမ်သို့ ပင့်ဖိတ်ကာ ဆွမ်းကပ်လှူဒါန်းစဉ် မေးမြန်းလျှောက်ထားလိုက်တာပေါ့ကွယ်။

တစ်နေ့မှာပစ္စေကဗုဒ္ဓါလေးပါးတို့ဟာ ဟိမဝန္တာမှာရှိတဲ့ နန္ဒမူလိုဏ်ကနေ ကောင်းကင်ခရီးနဲ့ ဗာရာဏသီမြို့တံခါးရွာသို့သွားပြီး ဆွမ်းခံကြသတဲ့။ ထိုအချိန်မှာပဲ အဲဒီရွာမှာနေထိုင်တဲ့ ဘုရားလောင်းလျာ အိုးထိန်းသည်က ဆွမ်းခံကြွလာတဲ့ ဘုရားလောင်းပစ္စေကဗုဒ္ဓါလေးပါးတို့ကို နေအိမ်သို့ပင့်ဖိတ်ဆွမ်းကပ်လှူဒါန်းသတဲ့။

ဖြစ်စဉ် အကြောင်းကတော့




မင်းစည်းစိမ်ကို စွန့်လွှတ်ပြီး ဟိမဝန္တာသို့ တောထွက်တော်မူကြတဲ့အကြောင်း ပေါ့ကွယ်။ ဗာရာဏသီ ဖြဟ္မဒတ်မင်းကြီးဟာ အသီးရှိပြီး ပျက်စီးရတဲ့ သရက်ပင်နဲ့ အသီးမရှိတဲ့အတွက် မပျက်စီးဘဲ ပကတိအကောင်းအတိုင်းရှိရတဲ့ သရက်ပင်တို့ကို တွေ့မြင်သိရှိကာ သတိသံဝေဂကြီးစွာ ရရှိသွားလေတယ်။

"အသီးဟူသော ပစ္စည်းကြောင့် ပျက်စီးရခြင်းဖြစ်လေတယ်"ဟု နှလုံးသွင်းကာ လက္ခဏာရေးသုံးပါးကိုမှတ်ပြီး ဝိပဿနာပွားများကာ ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားလို့ ဟိမဝန္တာမှာရှိတဲ့ နန္ဒမူလိုဏ်သို့ သွားရောက်သတင်းသုံးနေတာပေါ့ကွယ်။

ထို့အတူ ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည် နဂ္ဂဇိမင်းကြီးသည်လည်း နံ့သာသွေးတဲ့ အမျိုးသမီးတစ်ဦးရဲ့ လက်တစ်ဖက်မှာ ဝတ်ဆင်ထားတဲ့ လက်ကောက်နှစ်ကွင်း အချင်းချင်းထိခိုက်မိရာက အသံမြည်လာလို့ အဲဒီအသံကို ကြားလိုက်မိရာကနေ သတိသံဝေဂကြီးစွာ ရရှိသွားတာပေါ့ကွယ်။

"ဩော်- အဖော်အပေါင်းရှိမှုကြောင့် အချင်းချင်းထိခိုက်မှု၊ ခိုက်ရန်ဖြစ်မှုဆိုတာ ဖြစ်ပေါ်လာခြင်း ဖြစ်ရပေတော့သည်" ဟု နှလုံးသွင်းကာ လက္ခဏာရေးသုံးပါးကို မှတ်ကျင့်ပြီး ဝိပဿနာပွားများကာ ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားလို့ မင်းစည်းစိမ်ကို စွန့်လွှတ်ပြီး ဟိမဝန္တာမှာရှိတဲ့ နန္ဒမူလိုဏ်သို့ သွားရောက်သတင်းသုံးနေလေရဲ့။

ထို့အပြင် ဝိဒေဟတိုင်း မိတ္ထီလာပြည် နိမိမင်းကြီးကလည်း သားတစ်ကိုချီပြီး ပျံလေတဲ့ စွန်ဟာ အခြားသောစွန်တွေရဲ့ ဝိုင်းဝန်းနှိပ်စက်မှုခံရတာကို မြင်သိရတဲ့အတွက် သတိသံဝေဂကြီးစွာရရှိသွားတော့တယ်။

"သားတစ်ဟူသော ကာမဂုဏ်ကြောင့် ဆင်းရဲခြင်းကို ဖြစ်စေ၏"ဟု နှလုံးသွင်းကာ လက္ခဏာရေးသုံးပါးကို မှတ်ကျင့်ပြီး ဝိပဿနာပွားများကာ ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားလို့ မင်းစည်းစိမ်ကို စွန့်လွှတ်ပြီး ဟိမဝန္တာမှာရှိတဲ့ နန္ဒမူလိုဏ်သို့ သွားရောက်သတင်းသုံးနေတော့တာပေါ့ကွယ်။ ဥတ္တရပဉ္စာလတိုင်း ကာပိလမြို့ ဒုမ္မုခမင်းကြီးသည်လည်း နွားမတစ်ကောင်နောက်သို့လိုက်တဲ့ နွားလားတစ်ကောင်ဟာ အခြားအခြားသော နွားလားတို့က ရန်ပြုဝှေ့ကြလို့ သေဆုံးရသည်ကိုမြင်တွေ့ရတဲ့အတွက် သတိသံဝေဂကြီးစွာ ရရှိသွားတယ်တဲ့ကွယ်။

"ကိလေသာကြောင့် ဆင်းရဲပျက်စီးကာ အကျိုးမဲ့ရပါတကား" ဟု နှလုံးသွင်းကာ လက္ခဏာရေးသုံးပါးကို မှတ်ကျင့်ပြီး ဝိပဿနာပွားများကာ ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားလို့ မင်းစည်းစိမ်ကို စွန့်လွှတ်ပြီး ဟိမဝန္တာမှာရှိတဲ့ နန္ဒမူလိုဏ်သို့ သွားရောက်သတင်းသုံးနေလေတယ်။

တစ်နေ့မှာပစ္စေကဗုဒ္ဓါလေးပါးတို့ဟာ ဟိမဝန္တာမှာရှိတဲ့ နန္ဒမူလိုဏ်ကနေ ကောင်းကင်ခရီးနဲ့ ဗာရာဏသီမြို့တံခါးရွာသို့သွားပြီး ဆွမ်းခံကြသတဲ့။ ထိုအချိန်မှာပဲ အဲဒီရွာမှာနေထိုင်တဲ့ ဘုရားလောင်းလျာ အိုးထိန်းသည်က ဆွမ်းခံကြွလာတဲ့ ဘုရားလောင်း ပစ္စေကဗုဒ္ဓါလေးပါးတို့ကို နေအိမ်သို့ပင့်ဖိတ်ကာ ဆွမ်းကပ်လှူဒါန်းပြီး သိရှိလိုတဲ့ အကြောင်းအရာတို့ကို မေးမြန်းလျှောက်ထားသတဲ့။

"အရှင်ဘုရားတို့သည် အဘယ်အကြောင်းကြောင့်ရဟန်းပြုကြပါသနည်း"

ထိုအခါ ပစ္စေကဗုဒ္ဓါအသီးသီးတို့က ပျက်စီးမှုရှိရခြင်း၊ ထိခိုက်မှုရှိရခြင်း၊ ကာမဂုဏ်ကြောင့် ဆင်းရဲရခြင်း။ ကိလေသာကြောင့် ဆင်းရဲပျက်စီးရခြင်း စတဲ့ အကြောင်းတရားတွေကို အာရုံပြုပြီး ဝိပဿနာ ပွားများကျင့်ကြံအားထုတ်ရာ သစ္စာလေးပါးတရားကို သိမြင်လာကြတဲ့အတွက် လူသားတို့မက်မောကြတဲ့ မင်းစည်းစိမ်တို့ကို စွန့်လွှတ်ကာ ရဟန်းပြုကြကြောင်း မိန့်ကြားခဲ့တာပေါ့ကွယ်။

ဒီအကြောင်းတွေကို သိလိုက်ရတဲ့ ဘုရားလောင်းလျာ အိုးထိန်းသည်ဟာ မိသားစုနဲ့တကွ ပရိပိုဇ်ရဟန်းပြုပြီး ဗာရာဏသီမြို့အနီးအနားမှာပင် ဝိပဿနာတရား ပွားများကျင့်ကြံအားထုတ်နေတော့သတဲ့ကွယ်။

အရိယသစ္စာနဒဿနံ။

"သစ္စာလေးပါးတရားကို သိမြင်ခြင်း၊ အရိယာသူတော်ကောင်းတို့ကို ဖူးမြင်ရခြင်း၊ သစ္စာလေးပါးတရားကို သိမြင်ရမယ်"လို့မြန်မာလိုအဓိပ္ပာယ်ဖော်ဆောင်တဲ့ ၅၅၀ ဇာတ်တော်လာ မှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "ခြိုးခြံရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၂-၁၂-၂၀၂၂ ရက်မှအဆက်

ဗစ်တာက အုံနေသောလူများကို အောက်ထပ်သို့ ပြန်ဆင်းရန် တောင်းပန်လိုက်သည်။

‘မ’ သည် လူအုပ်ထဲသို့ ဇွတ်တိုး၍ဝင်သွားသည်။ အခန်းတွင်းသို့ရောက်သောအခါ မော်သည် ဒေါ်ခင်မျိုးသန့်၏ခုတင်ပေါ်တွင် လူးလိမ့်နေသည်။

မွန်သည် ဗစ်တာကို ခပ်တိုးတိုး ကပ်၍ပြောလိုက်သည်။

ဗစ်တာသည် အောက်ထပ်သို့ အပြေးဆင်းသွားသည်။ ‘မ’ က စိုးရိမ်တကြီးဖြင့် မွန့်ကိုကပ်၍မေးလိုက်သည်။

“ဘာဖြစ်တာလဲ မွန်၊ မော် ဘာဖြစ်တာလဲ”

“မော် အိပ်ဆေးတွေသောက်တယ်ထင်တယ်။ ဒါမှမဟုတ်ရင် အစားမှားပြီး အဆိပ်မိသလားမသိဘူး”

‘မ’ သည် ခုတင်တိုင်ကိုဖမ်း၍ ကိုင်ထားလိုက်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း လဲကျမသွားရန် မနည်းပင် သတိထား၍နေရသည်။

အဆိပ်သောက်မည်ဆိုလျှင်လည်း ဖြစ်နိုင်သည်။ ယခု နှစ်ရက် သုံးရက်အတွင်း မော်သည် အမြဲတမ်း မှိုင်၍နေသည်။ ခါတိုင်း အငြိမ်မနေနိုင်အောင် လှုပ်ရှားမြူးထူးနေတတ်သောမော်သည် ခု နှစ်ရက် သုံးရက်အတွင်း ငြိမ်လွန်းလှသည်။ မော့်မျက်နှာသည် ကနေ့ ပို၍သိသာလှသည်။

‘မ’ သည် မော့်အဖြစ်ကိုတွေးရင်း စိတ်လေးလာသည်။ ဗစ်တာသည် သားရေအိတ်ကိုဆွဲပြီး ပြန်ဝင်လာသည်။ မွန်သည် သူ့ဆေးအိတ်ကိုဖွင့်၍ မော့်အတွက် ဆေးတစ်ခွက်ပြင်၍ တိုက်လိုက်သည်။

‘မ’ သည် ကြည့်ရင်း ရင်ထဲ၌ တလှပ်လှပ်ဖြစ်၍လာသည်။ ခေါင်းတွင် အလိုလိုမူးလာသည်။

မော်ကား တဝေါဝေါအန်၍နေတော့သည်။ မျက်လုံးကားမဖွင့်။ အန်ပြီးလျှင် နေရာတွင်ပင် ပြန်၍လှဲချလိုက်သည်။ ခေါင်းကလည်း မထူနိုင်သေးချေ။

မွန်သည် မော့်ကို စမ်းသပ်၍ကြည့်နေသည်။ သို့စမ်းသပ်ပြီးလျှင် အားလုံးကို အပြင်သို့ထွက်ခိုင်းလိုက်သည်။ ‘မ’ သည် သူ့အခန်းဝ၌ မှီ၍ ရင်တထိတ်ထိတ်ဖြင့် စောင့်နေမိသည်။

ဒေါ်ခင်မျိုးသန့်ကား စကားတစ်ခွန်းမှမပြောနိုင်တော့ချေ။ အပေါက်ဝတွင် လမ်းလျှောက်၍နေတော့သည်။ ဦးကျော်ဒင်ကား ဆေးပြင်းလိပ်ကိုခဲရင်း ခေါင်းတညိတ်ညိတ်နှင့်ရှိတော့သည်။

နာရီဝက်ခန့်ကြာသွားသောအခါ တံခါးပွင့်၍လာသည်။ မွန့်နားသို့ ပြေးသွားကြသည်။ မွန်သည် မျက်စိမျက်နှာမလှတော့ချေ။ ဦးကျော်ဒင်အား တစ်ချက်မျှကြည့်လိုက်ရင်း တောင်းပန်လိုက်သည်။

“ဒက်ဒီ အပြင်ခဏထွက်ပေးပါ”

ဦးကျော်ဒင်သည် ဘာတစ်ခွန်းမျှပြန်၍မပြော။ အပြင်သို့သာ ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားတော့သည်။ ဗစ်တာက အလိုက်သိစွာပင် ဦးကျော်ဒင်နှင့် အတူ ထွက်သွားသည်။

ဦးကျော်ဒင်နှင့် ဗစ်တာထွက်သွားသောအခါ မွန်သည် တံခါးကိုပိတ်လိုက်သည်။

ပြီးမှ တုန်ယင်သောအသံကလေးဖြင့် ပြောလိုက်သည်။

“အဆိပ်မိတာပဲ မာမီ၊ သူ့ဟာသူသောက်တာလည်း ဖြစ်နိုင်တယ်။ ဒါက ကိစ္စမရှိပါဘူး။ အန်ဆေးတိုက်ထားတယ်။ ဆေးလည်းထိုးထားတယ်။ ဒါပေမဲ့ မော့်မှာ ကိုယ်ဝန်ရှိနေတယ်မာမီ၊ သုံးလလောက် တောင်ရှိနေပြီထင်တယ်”

ဒေါ်ခင်မျိုးသန့်သည် ဘုရားတလိုက်ရင်း ရင်ဝကို လက်ဖြင့်ဖိထားလိုက်သည်။

‘မ’ သည် လွတ်ခနဲ ယောင်၍အော်လိုက်သည်။ ‘မ’ သည် အခန်းတွင်းမှ ထွက်လာခဲ့တော့သည်။

အိပ်ခန်းသို့ ဝင်လိုက်သည့်အခါတွင် မော့်ခုတင်ပေါ်တွင် စာရွက်ပြာကလေးကို အခေါက်လိုက်တွေ့ရလေသည်။

‘မ’ သည် စာရွက်ကလေးကို တုန်ယင်သောလက်ကလေးဖြင့် ကောက်၍ဖွင့်လိုက်သည်။

‘မ’

ကိုယ်တော့ ကိုယ့်အသက်ကို အရှက်နဲ့လဲလိုက်ပြီ။ ဒီလိုလဲရတဲ့အကြောင်းရင်းထဲမှာ မင်းလည်းပါတယ်။ ကိုကိုကြည်ကို တခြားမိန်းမတစ်ယောက်နဲ့ ပြိုင်ပြီးလုရမယ်ဆိုရင် ကိုယ် အလွတ်မခံဘူး။

ခုတော့ မင်းနဲ့ပဲလုရမယ်ဆိုတော့ ကိုယ်ပဲ အနစ်နာခံတော့မယ်လို့ ဆုံးဖြတ်တယ်။ ကိုကိုကြည်ကိုယ်တိုင်ကလည်း ‘မ’ ကို ကိုယ့်ထက်ပိုပြီး စွဲလမ်းမက်မောတယ်။

ဘာပဲဖြစ်ဖြစ် မင်းဘဝအတွက် အဆင်ပြေသွားတာကိုပဲ ကိုယ် ကျေနပ်လို့မဆုံးပါဘူး။ ကိုယ်တော့ ကိုယ့်မိုက်ပြစ်နဲ့ကိုယ် ခံတော့မယ်။

‘မ’ ရေ ...။ မင်းဟာ စိတ်ဓာတ်ငယ်တာကလွဲလို့ အရာရာမှာ ချစ်ခင်လေးစားထိုက်တဲ့ အစ်မရင်းတစ်ယောက်ပါပဲ။ မင်းရဲ့စေတနာတွေကို ကိုယ် ပြစ်မှားမိတဲ့အတွက်ဖြင့် အများကြီး နောင်တရမိပါတယ်။

ကိုယ့်ကိုခွင့်လွှတ်ပါနော်။ ကိုယ် ခုလိုမတောင်းပန်လည်း မင်းဟာ ကိုယ့်ကို ခွင့်လွှတ်ပြီးသားဆိုတာ မော် ယုံကြည်ပါတယ်။

ဒက်ဒီ၊ မာမီ၊ မွန်နဲ့ ‘မ’ ကို ညီမလေးမော် နောက်ဆုံးကန်တော့ခဲ့ပါတယ်။ အမိုက်မလေးကို ခွင့်လွှတ်ကြပါ...။

ညီမလေး ... မော်။

‘မ’ သည် မော့်ထံမှစာကိုဖတ်ရင်း တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍လာသည်။

မော့်အဖြစ်ကိုတွေးရင်း ရင်ထုမနာဖြစ်ရသည်။ မျက်ရည်ပူများက ပါးပြင်ပေါ်တွင် တလိမ့်လိမ့် စီးဆင်း၍လာသည်။

မိုက်လှချည်လား...ကလေးရယ်၊ အစကသာ ‘မ’ ကိုဖွင့်ပြောရင် တို့ညီအစ်မနှစ်ယောက်စလုံး ခုလို ဒုက္ခတွေ့ရမှာတောင် မဟုတ်ဘူး”

‘မ’ သည် အက်ကွဲတုန်ယင်သောအသံဖြင့် ခပ်တိုးတိုး ညည်းလိုက်မိသည်။

သို့ညည်းလိုက်ရင်းမှ မကျေမချမ်းဖြင့် နှုတ်ခမ်းလေးကို ကိုက်ထားလိုက်မိသည်။

‘မ’ သည် ပြတင်းပေါက်မှ လမ်းမကြီးကို မျှော်၍ ကြည့်လိုက်ရင်း တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။

ထိုအတွင်းဝယ် အပေါက်ဝမှ မျက်နှာငယ်ကလေးဖြင့်ဝင်လာသော ကိုခင်မောင်ကြည်ကို မြင်ရသောအခါ ‘မ’ သည် ကိုယ့်စိတ်ကိုကိုယ် မထိန်းနိုင်အောင် ဒေါသဖြင့် တဆတ်ဆတ်တုန်၍လာသည်။ ခုလိုအချိန်မျိုးတွင် ကိုခင်မောင်ကြည်၏ မျက်နှာကို ကြည့်ရသည်မှာ ‘မ’ အတွက် မီးကို ကြည့်ရသည်ထက်ပင် ပူလောင်မိသည်။

“ရှင် ... ရှင် လူယုတ်မာ၊ သစ္စာမဲ့ ကတိပျက်တဲ့ ရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်ဘူး။ ရှင့်ကြောင့် အားလုံးဒုက္ခရောက်ကုန်ပြီ ... သိလား”

“ကိုကိုကြည်မှာ ဘာများအပြစ်ရှိလို့လဲ ‘မ’ ရယ်။ အပြစ်ရှိရင် ‘မ’အပြစ်ပေးသလိုခံပါ့မယ် ‘မ’ ရယ်”

ကိုခင်မောင်ကြည်က သူ့အပြစ်ကိုသူ မသိလေဟန်ဖြင့် တောင်းပန်လိုက်မှ ‘မ’ ပို၍ ဒေါသဖြစ်မိသည်။

“လောကမှာ နှစ်မျိုးနှစ်စား ကြိုက်တတ်တဲ့ လူမျိုးဟာ မတည်ကြည်တဲ့၊ သစ္စာမရှိတဲ့လူလို့ ရှင့်ကို ပြောခဲ့တယ်မဟုတ်လား။ ရှင်ဟာ ဒီလိုလူစားမျိုးထက် ယုတ်မာတဲ့လူပဲ။ ကျွန်မတို့ညီအစ်မနှစ်ယောက်စလုံး ဒုက္ခရောက်အောင်၊ အရှက်ကွဲအောင်လုပ်တဲ့ တရားခံဟာ ရှင်ပဲ”

“နေပါဦး ... ‘မ’ ရာ၊ မော့်ရဲ့ကိစ္စက ကျွန်တော်တစ်ယောက်တည်း အပြစ်လုံးလုံးပုံမချသင့်ပါဘူး”

“တော်ပါတော့ ... ကိုခင်မောင်ကြည်၊ လူ့ကျင့်ဝတ်ကို ဘယ်လိုဖျက်ဆီးရမယ်ဆိုတဲ့ ပညာတွေ ရှင် နိုင်ငံခြားက တတ်လာတာလား။ မွေးကတည်းက ပါလာတာလားဆိုတာ ရှင့်ကိုယ်ရှင် ပြန်စဉ်းစားပါ”

“ရှင့်လိုလူယုတ်မာမျိုးနဲ့ ကျွန်မ တစ်သက်လုံး လက်မတွဲဘူးဆိုတာ မှတ်ထားပါ။ ကဲ ... ဒီအခန်းက ရှင်ထွက်သွားရင်ကောင်းမယ်”

ကိုခင်မောင်ကြည်သည် ‘မ’ ၏အမိန့်ကို မလွန်ဆန်နိုင်သကဲ့သို့ အခန်းတွင်းမှ ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားလေသည်။

ကိုခင်မောင်ကြည် ထွက်သွားလျှင် ‘မ’ သည် နောက်ဖေးလှေကားမှ အောက်ထပ်သို့ အပြေးဆင်းခဲ့လေသည်။

အောက်ထပ်မီးဖိုချောင်တွင် အလုပ်များနေသော မောင်အေးကို ခပ်တိုးတိုး လှမ်း၍ခေါ်လိုက်သည်။ မောင်အေးက ‘မ’ အနားသို့ အပြေးအလွှားရောက်ရှိလာသည်။

‘မ’ သည် သူ့အစီအစဉ်ကို မောင်အေးအားမှာလိုက်ပြီးလျှင် အခန်းဆီသို့ ခပ်သုတ်သုတ်ပြန်ခဲ့သည်။ အခန်းသို့ရောက်လျှင် တံခါးကို အလုံပိတ်လိုက်သည်။

ပြီးမှ စာရေးစားပွဲတွင်ထိုင်၍ စာတစ်စောင်ကို ခပ်မြန်မြန်ရေးလိုက်သည်။

စာရေးပြီးလျှင်ပြီးချင်း ပစ္စည်းများကို သိမ်း၍ ပြတင်းပေါက်မှ ကြိုးဖြင့်ချည်၍ ချလိုက်သည်။

အိမ်အောက်တွင်မူ မောင်အေးသည် ‘မ’ ကို ကူညီရန် အသင့်စောင့်လျက်ရှိသည်။ ‘မ’ က အခန်းတွင်း၌ အလုပ်များလျက်ရှိစဉ် အပြင်ဘက်တွင် ပျာလောင်ခတ်လျက်ရှိသည်။

ဒေါ်ခင်မျိုးသန့်သည် အရူးမကြီးကဲ့သို့ ငိုမလို ရယ်မလို ဖြစ်နေတော့သည်။

“ငါ သေချင်တယ်၊ ငါ သေချင်တယ်။ ဒုက္ခရောက်ကုန်ပြီ။ ကိုကျော်ဒင်ရေ... ဒုက္ခလှလှကြီးရောက်ကုန်ပေ့ါ။ ကျုပ်ရှက်တယ်၊ ကျုပ်မျက်နှာကို ဓားနဲ့လှီးပစ်ချင်တယ်”

“ဒါတွေမပြောပါနဲ့မာမီ၊ လူတွေကြားကုန်မယ်။ သူ့ကို နောက်မှ ခပ်ဖြည်းဖြည်း ချော့မေးမယ်။ အောက်ထပ်ကိုဆင်းပြီး အခမ်းအနားကို ဣန္ဒြေမပျက် ဆက်ပြီးလုပ်ကြပါ။ ကိုခင်မောင်ကြည်ကို ခေါ်စမ်းပါဦး”

ဒေါ်ခင်မျိုးသန့်ကား ဘာလုပ်ရမှန်းမသိ။ သူ့ခေါင်းကိုသာ သူဖွ၍နေတော့သည်။

ဦးကျော်ဒင်ကား အဖြစ်အပျက်ကို ရိပ်မိထား၍လားမသိ။ စာကြည့်ခန်းတွင် ခြေပစ်လက်ပစ် လှဲ၍နေတော့သည်။

အားလုံးဖြစ်ပျက်နေသမျှကို မကြားယောင် မမြင်ယောင် ပြုလျက်နေတော့သည်။

မွန်သည် အခမ်းအနားအတွက် စိတ်ပူနေဟန်ရှိသည်။ မော်က အိပ်ရာထက်တွင် မှေး၍နေတော့သည်။

“ကဲ ... မာမီ၊ စိတ်ညစ်နေလို့ပြီးတဲ့ကိစ္စမဟုတ်ဘူး။ ဒက်ဒီ့ကိုခေါ်ပြီး အောက်ကိုဆင်းကြမှပေ့ါ။ မော့်အတွက် ဘာမှစိုးရိမ်စရာမရှိပါဘူး”

သည်တော့မှ ဒေါ်ခင်မျိုးသန့်သည် သူ့ကိုယ်သူ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်လိုက်ပြီးလျှင် အောက်ထပ်သို့ဆင်းရန် ဟန်ပြင်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**“လောကမှာ နှစ်မျိုးနှစ်စားကြိုက်တတ်တဲ့လူမျိုးဟာ**
**မတည်ကြည်တဲ့၊ သစ္စာမရှိတဲ့လူလို့ ရှင့်ကိုပြောခဲ့တယ်မဟုတ်လား။**
**ရှင်ဟာ ဒီလိုလူစားမျိုးထက် ယုတ်မာတဲ့လူပဲ။**
**ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံး ဒုက္ခရောက်အောင်၊**
**အရှက်ကွဲအောင်လုပ်တဲ့တရားခံဟာ ရှင်ပဲ”**
**“နေပါဦး ‘မ’ ရာ၊ မော့်ရဲ့ကိစ္စက ကျွန်တော်တစ်ယောက်တည်းအပြစ်**
**လုံးလုံးပုံမချသင့်ပါဘူး”**
**“တော်ပါတော့ကိုခင်မောင်ကြည်၊ လူ့ကျင့်ဝတ်ကို ဘယ်လိုဖျက်ဆီးရမယ်ဆိုတဲ့**
**ပညာတွေ ရှင် နိုင်ငံခြားကတတ်လာတာလား။**
**မွေးကတည်းကပါလာတာလားဆိုတာ ရှင့်ကိုယ်ရှင် ပြန်စဉ်းစားပါ”**

ဆရာအောင်လင်း၏ “အရိုင်းစံပယ်” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ MWEA တာဝါအမှတ်-(၂၈၈/၂၉၀)၊ အခန်းအမှတ်- (၉၀၅) တွင်တည်ရှိသော MYANMAR MAY KAUNG WOOD BASED INDUSTRY COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-(၁၀၃၁၁၂၆၉၉)သည် အောက်တွင်ဖော်ပြထားသောအမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်သည်-

MMK

**စာချုပ်အမှတ်- ၉၃၄၈/၂၀၂၂ (နေ့စွဲ -၁၆-၁၁-၂၀၂၂)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် သုံးထပ်သားပြား၊ ငါးထပ်သားပြားစသည့် အထပ်သားပြားအမျိုးမျိုး၊ ကြိတ်သား၊ ဖော်မီကာ၊ ရေစိုခံအထပ်သားအမျိုးမျိုးတို့အား မိမိတို့ကိုယ်တိုင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ထုတ်လုပ်၍ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိငြမ်းတုပသုံးစွဲခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး လုပ်ဆောင်ခြင်းမပြုကြရန် သတိပေးတားမြစ်ပါသည်။ မှိငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**MYANMAR MAY KAUNG WOOD BASED INDUSTRY COMPANY ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်အေးမင်းမင်းသိမ့် | ဒေါ်သီဂိစိုး |
|---|---|
| (LL.B, D.B.L, D.I.L, D.M.L) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇) | အထက်တန်းရှေ့နေ(စဉ်-၃၅၉၄၈) |

**The Solution Power Legal Consultant and Investment Co., Ltd**
**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ (၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၉၈၉၄၂**

## အိမ်ငှားမည်

အကျယ် (ပေ၈၀ x ပေ ၁၀၀)၊ ၂ထပ်အိမ် ၁လုံး ၂ ထပ် ဂိုဒေါင် ၁ လုံး၊ ၁၂ ဘီးကား ၃ စီး ရပ်နားနိုင်သော ကျွဲဆည်ကန်-၄ လမ်းတွင် လုံးချင်းခြံငှားမည်။ အငှားဈေး ၂၅ သိန်းကျပ်။ ဈေးညှိနှိုင်းနိုင်သည်။ အကျိုးဆောင်များလည်းလက်ခံသည်။

**ဆက်သွယ်ရန်- 09- 266847293**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၈၈)ဧကရှိ ဦးသန်းလွင် [၁၀/သထန(နိုင်) ၀၁၅၁၇၂] အဖအမည် ဦးတင်နွယ် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၂၄၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊ ၂၈၅/၂၀၂၀(၇-၂-၂၀၂၀)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ဝင်းရီ(ခ)ခင်ဝင်းရည် [၁၄/မမက(နိုင်)၀၁၀၁၀၀]၊ အဖအမည် ဦးခင်မောင်မှ ဦးကျော်ဦး [၁၄/မမက(နိုင်)၀၁၀၀၉၉]နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သီရိမွန်လမ်း၊ အမှတ် - ၄ နေ ဒေါ်မိုးမိုးခိုင် (၁၄/လပတ (ဧည့်) ၀၀၀၀၅၄) အမည်ပေါက်လျှက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် - ၁၂၊ မြေကွက်အမှတ် - ၂၇၆၊ အကျယ်အဝန်း(၆၀×၆၀)ပေရှိ မြေကွက်နှင့် ရွှေပြည်သာမြို့နယ်၊ သာဓုကန်ရွာ၊ အကျယ်အဝန်း(၃၅×၁၂၀)ပေနှင့် သာဓုကန်ရွာ၊ အမှတ်-၄ လမ်းမကြီး၊ အကျယ်အဝန်း(၃၀×၄၉)ပေရှိ မြေကွက်(၂)ကွက်နှင့် အဆောက်အဦ၊ တိုက်ကြီးမြို့နယ်၊ မင်္ဂလာကန်တော့ကန်ရပ်ကွက်၊ နှင်းဆီမြိုင်ရွာ၊ ဦးပိုင် အမှတ်-၅/၁၊ ၅/၃၊ ကွင်းအမှတ်-၆၉၁၊ ဥယျာဉ်ခြံမြေ (၈)ကေတို့အား၊ မိမိတစ်ဦးတည်းပိုင်ဆိုင်ပြီး၊ မိမိမှလွှဲ၍အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့အပြင် ဝင်ရောက်နေထိုင်ခြင်း၊ ကျူးကျော်ခြင်းများပြုလုပ်နိုင်မည်မဟုတ်ပါကြောင်းနှင့် အကယ်၍ တားမြစ်ချက်များအားပြုမူဆောင်ရွက်ခဲ့ပါက တည်ဆဲတရားဥပဒေများနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးထွန်းနိုင် ( LL.B ) | ဒေါ်ခိုင်သဥ္ဇာညို ( LL.B ) (DML) |
|---|---|
| (စဉ် -၈၃၀၅) | (စဉ် -၈၆၈၃) |

တရားလွှတ်တော်ရှေ့နေများ
တိုက် -၃၃/၄၉ ၊ အခန်း (24)၊ ပထမထပ်၊ Shine Condo, မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၃၁၃၀၉၅၆

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## မင်္ဂလာဒုံမြို့နယ်တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၇

| | | |
|---|---|---|
| **ဒေါ်ဆုယဉ်ဝင်း** | } { | **၁။ ဦးဇော်လွင်**<br>**၂။ ဦးဝင်းမြင့်** |
| **တရားလို** | **နှင့်** | **တရားပြိုင်များ** |

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ ကာယ (၁၁)လမ်း၊ အမှတ်(၃၁၈)၊ (၂) တရားပြိုင် ဦးဝင်းမြင့်** (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ကို တရားဝင်မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်၊ ၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီ**တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် **အမှုမဆိုင်မီ (၄)ရက်**က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခိုင်သဇင်ထွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ဖခင်အမည်တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဿနိကဗေဒ၊ စတုတ္ထနှစ်ကျောင်းသူ မပိုးခင်ခင်နှင့် မောင်မင်းခန့်ကျော်(ခ) မိုးဟီးကူမာတို့၏ ဖခင်အမည် ဦးရမ်ဒူလာရ်နှင့် ဦးကျော်စိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**လွှဲအပ်ချက်အရ-**
**ဒေါ်ခင်ခင်ဆု (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၆၇)**
**Prize Legal Service**
**(စာချုပ်စာတမ်းနှင့် ဥပဒေရေးရာဝန်ဆောင်မှုလုပ်ငန်း)**
**အမှတ်-(၂၆၆)၊ စံပြ(၃)လမ်း၊ ယမုံနာ (၂) ရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၄၃၁၈၂၉၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသူရအောင် [၁၂/တမန(နိုင်)၀၀၂၆၅၃] ကိုင်ဆောင်သော မြန်မာ့ကမ်းရိုးတန်းသွားစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်-စပမ (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း (09-421550668)သို့ ဆက်သွယ်ပေးပါ။ ထိုက်တန်စွာ ကျေးဇူးပြုပါမည်။

**ဦးသူရအောင်**
**Ph: 09- 421550668**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃-တိုးချဲ့)၊ မြေကွက်အမှတ်(၃၅၂)၊ဆရာစံလမ်း၊အကျယ်အဝန်း(၀. ၀၅၅ဧကေ)ရှိ ဦးမြသောင်း(၁၂/မဂတ(နိုင်)၀၃၂၇၅၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင်အကျိုးခံစားခွင့်များအား မြေအမည်ပေါက်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးမြသောင်း ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်နိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)ပြဗ္ဗစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၇၉/ခ)၊ အလျား(၂၀ပေ)x အနံ(၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ဖြစ်သူမှ ရောင်းချထားပြီး အဆက်အစပ်စာချုပ် မူရင်းများဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးစန်းဝေ(ALN-၀၁၆၉၆၁) နှင့် ဒေါ်ပု[၁၂/သကတ(နိုင်)၀၀၃၄၇၆]တို့မှ တရားဝင်ဝယ်ယူနေထိုင်ပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်ပါသည်။ အထက်ပါဖော်ပြပါမြေကွက်နှင့် နေအိမ်အား ကျွန်ုပ်မိတ်ဆွေများမသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများ လုံးဝမပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင်းသူဇာလွင်(LL.B)** | **ဒေါ်ခင်မိုးမိုးအေး (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ (စဉ်-၃၆၆၂၀)** |
| **(စဉ်-၁၅၆၅၇/၁၁-၇-၂၀၁၉)** | **ဖုန်း-၀၉-၄၂၀၀၆၄၇၅၈** |
| **ငါးပြေမကျေးရွာ၊ သန်လျင်မြို့** | **ဗဟို(၃)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့။** |
| **Ph:09-420190527** | |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ် (၄၅)၊ (၄-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင်များဖြစ်သော ၁။ ဦးတင်ထွေးလွင် [၁၂/မဂဒ(နိုင်)၀၄၂၈၆၈]နှင့် ၂။ ဒေါ်စန္ဒာအေး [၁၀/မလမ(နိုင်)၀၁၁၅၈၈]တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B(စဉ်-၁၀၀၆၃)** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၉၈၈၂၇၅၉၀ ၀၉- ၄၂၀၃၅၉၆၃ ၀၉- ၅၀၅၃၁၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/မြောက် ရပ်ကွက်၊ သရဝဏ် (၁)လမ်း၊ အမှတ်-၁၄၊ (၅-လွှာ/ဘီ)၊ အကျယ်အဝန်း (၂၀x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဦးဖြိုးမောင်မောင်ကျော် [၁၂/စခန(နိုင်)၀၅၉၃၉၆] (ကွယ်လွန်သူ ဒေါ်မြသန်း၏မြေး)အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း) များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ် အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B,D.B.L(စဉ်-၁၅၉၇၅)** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း (အောက်) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၈၈၂၇၅၉၀၊ ၀၉-၇၉၀၁၂၃၄၈၀၊ ၀၉-၅၀၅၃၁၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၆)လမ်း၊ အမှတ်(၉၁)၊ (၃-လွှာ)၊ ဒုတိယထပ်၊ အကျယ်အဝန်း (၂၅x၄၅)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့်ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဦးတေဟုတ်ပီ(ခ)ဦးကံကောင်း (ကွယ်လွန်သူ ဒေါ်စန်းစန်းနွယ်၏ ကိတ္တိမမွေးစားသား) [၁၂/လမတ(ဧည့်)၀၀၀၂၄၆]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ် အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၀၃၅၉၆၃ ၀၉-၇၉၀၁၂၃၄၈၀**

## အသိပေးကြေညာခြင်း

ဦးနောင်လတ် (APAC Co.,Ltd) ၊ ဦးခင်မောင်သိန်း(Great Coment Co.,Ltd)၊ ဦးလတ်မြင့်သိန်း (Milky Way Co.,Ltd)၊ ဦးဂျိန်းဂျိန်း(မျိုးမြန်မာမင်းကုမ္ပဏီလီမိတက်)၊ ဦးအောင်မြင့်ဟိန်း (မြင့်မြတ်မော်ကုမ္ပဏီလီမိတက်)၊ ဒေါ်ကြည်ကြည်စန်း (EYE Corp Co.,Ltd.) ဦးတေဇာလင်းတို့မှ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်များအား စိုက်ထူရန် ခွင့်ပြုထားရှိပေးခဲ့သော်လည်း၊ လူကြီးမင်းတို့၏ ကုမ္ပဏီများမှ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခများပေးသွင်းရန် ကြွေးကျန်ဖြစ်ပေါ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် (၃၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား လာရောက်ပေးသွင်းရန်နှင့် ပေးသွင်းမှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ကြော်ငြာဆိုင်းဘုတ်များအား ဌာနပိုင်အဖြစ်သိမ်းယူ၍ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

## ဦးဝင်းဇော်မြင့်နှင့် အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ တလုတ္တော်အုပ်စု၊ (၃)ရပ်ကွက်၊ ကုလားတန်းကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေစုမာလှိုင် [၁၄/ဟသတ(နိုင်)၂၀၄၉၅၀]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

လူကြီးမင်း ဦးဝင်းဇော်မြင့်[၁၄/ဟသတ(နိုင်)၂၀၂၃၉၈] ကိုင်ဆောင်သူနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေစုမာလှိုင်တို့သည် တရားဝင် အကြင်လင်မယားများဖြစ်ကြပြီး ယခုအချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ခွဲခွာနေထိုင်သော်လည်း လင်မယားနှစ်ဦးပိုင်ဆိုင်သော အမွေပစ္စည်းဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ငါးဖားအုပ်စု၊ ကျီးတောကွက်ကျေးရွာရှိ လယ်ဧက (၁၀)ဧကနှင့် ဆက်စပ်နေသော လယ်ယာသုံးစက်ပစ္စည်းများအားလုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ တလုတ္တော်အုပ်စု၊ (၃)ရပ်ကွက်၊ ကုလားတန်းကျေးရွာရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အလျားx အနံ (၂၈x၅၀)ပေ အကျယ်အဝန်းရှိ တစ်ထပ်တိုက်နှင့် (၁၄-၇-၂၀၁၈)ရက်စွဲပါ ကတိစာချုပ်၌ပါဝင်သော ခြံမြေများနှင့် အတွင်းပစ္စည်းများအားလုံးနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေစုမာလှိုင်၏ သဘောဆန္ဒမပါရှိဘဲ ဦးဝင်းဇော်မြင့်အနေဖြင့် အခြားသူများသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းစသည့် အခြားအခြားသော ကိစ္စရပ်များကိုလည်း ပြုလုပ်ခွင့်မရှိပါကြောင်း လူကြီးမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရာဇာမင်း(LL.B, CB.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၄၆)**
**ဖုန်း- ၀၉-၄၀၄၈၁၈၁၉၂၊ ၀၉-၆၈၁၄၅၄၂၃၁**
**အမှတ်(၁၇၉)၊ ဗိုလ်ဗထူး(၁၁)လမ်း၊ (၂)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ မြေကွက်အမှတ်(၁၆၆၇)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ယခု အပိုင်ရောင်းချသူ ဦးမြင့်သန်း [၁၂/သလန(နိုင်)၀၄၉၅၈၄] အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မှတ်သားတည်ရှိနေသော မြေကွက်ဖြစ်ပြီး၊ ယင်းမြေကွက်အား ၎င်းပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အပေါင်အနှံမှစ၍ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံရောင်းချလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေ နော်သစ္စာစိုး [၁၀/သထန(နိုင်)၁၁၉၉၃၉]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယုဇနခင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၀၂၅၈/၁၁-၈-၂၀၁၈)**
**အမှတ်(၄၀၂)၊ သုမန(၃)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်။**
**Ph:09-250977717**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အလယ်ကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ် (ရလပ-၂၂)၊ ပိတောက်လမ်း၊ မြေကွက်အမှတ် (၄၀၃)၊ အကျယ်အဝန်း (၂၄၀၀- စတုရန်းပေ) (၀.၀၅၅)ဧက၊ ပေ(၄၀x၆၀)ဧရိယာဟု ခေါ်တွင်သည့် ဒေါ်ကြည်ဝင်း အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ကြည်ဝင်း [၁၂/ကမရ(နိုင်)၀၄၁၉၂၇]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိလျက် ပိုင်ဆိုင်ထားသူ ဦးမင်းဇော်ကိုယ်တိုင်မှ အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဥပဒေနှင့်အညီ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သန်းဝင်းက ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်သန်းဝင်း** | **ဒေါ်စိမ့်စိမ့်သူ (LL.B)** |
| **[၁၄/မအပ(နိုင်)၁၆၃၆၇၅]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၀၆/၂၀၁၇)** |

**အမှတ်-၅၁၁/ခ၊ ပန်းလောင်လမ်း၊**
**(၁၄)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၉၆၅၃၀၀၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အင်းစိန်မြို့နယ်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

| | |
|---|---|
| မြန်မာစီးပွားရေးကော်ပိုရေးရှင်းတာယာစက်ရုံ (ရွာမ) (စက်ရုံမှူးကြီး၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးမြတ်မင်းထွဋ်) | နှင့် ၁။ ဦးအောင်ကိုကိုထက် ၂။ ဦးအောင်ထူး ၃။ဒေါ်ခင်မာဦး |
| **(တရားလို)** | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပိုက်လုံးစုရွာ၊ လိမ္မော်ခြံကျေးရွာအုပ်စုနေ (၁)တရားပြိုင် ဦးအောင်ကိုကိုထက် (၂)တရားပြိုင် ဦးအောင်ထူးနှင့် (၃)တရားပြိုင် ဒေါ်ခင်မာဦး (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ဝန်ထမ်းများချုပ်ဆိုသည့် ခံဝန်ချုပ်ပါ စည်းကမ်းချက်များ ဖောက်ဖျက်သည့်အတွက် ငွေကျပ် ၂,၈၈၀,၀၀ဝ/- (ကျပ်နှစ်ဆယ့်ရှစ်သိန်းရှစ်သောင်းတိတိ)ရလိုမှု"ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂)ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ရက်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မင်းမြတ်ဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**အင်းစိန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/တိုးချဲ့)၊ မြေကွက်အမှတ်(၈၉)၊ အကျယ်အဝန်း(၀.၀၅၅ဧက)ရှိ ဦးစောအောင် (BGE-၀၀၆၃၅၁) [၁၂/သဃက(နိုင်)၀၄၉၀၃၁]မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂/တိုးချဲ့)ရပ်ကွက်၊ အေးသာယာ(၁)လမ်း၊ အမှတ်(၈၉)ရှိ ခြံမြေကွက်နှင့် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်တင်အောင်[၁၂/သဃက(နိုင်)၀၄၇၆၇၄]၊ ဒေါ်မူမူအောင် [၁၂/သဃက(နိုင်)၀၄၉၁၀၃]၊ ဒေါ်အေးအေးသန်း [၁၂/သဃက(နိုင်) ၀၄၈၅၇၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးပြေငြိမ်း[၁၀/မလမ(နိုင်)၂၀၈၇၂၃]မှ အပြီး အပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးပြေငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး**
**LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph:-09-450023651, 09-793568375**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ အတွင်းရှုခင်းသာလမ်း၊ မြေကွက်အမှတ်(၈၃၁/ခ)၊ (အလျား ၂၀ပေx အနံ ၆၀ပေ)အိမ်ခြံမြေအား ရောင်းချသူ HO HONE KYIN(ခ)ဦးမြင့်သောင်း [၁၂/သကတ(ပြု)၀၀၀၀၄၈]၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးမြင့်ထွေး [၁၂/သကတ(ပြု)၀၀၀၁၁၆]ထံမှ ဝယ်ယူရန်အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မီမီဝင်း [၁/ဗမန(နိုင်)၀၅၄၀၀၈]မှ စရန်ငွေ၏ တစ်စိတ်တစ်ဒေသအား ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းအိမ်ခြံမြေနှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ကျွန်ုပ်၏ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာမြေကွက်တည်နေရာသို့ဖြစ်စေ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲမင်းထွဋ်(စဉ်-၁၂၁၆၁)(LL.B,Diploma in Business Law)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၇၅)၊ ဇမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း-၀၉-၇၉၉၆၁၁၃၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၉၊ မြေကွက်အမှတ်- ၂၄/ဃ-၃၊ (၀.၂၇၄) ဧက၊ မြေကွက်တည်နေရာအမှတ် - (၃၂/M)၊ ၃၂-ရိပ်သာ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ဒေါက်တာဦးခင်ဖေလင်း [၁၃/နမန(နိုင်) ၀၀၉၁၁၈] အမည်ပေါက် B လ/န-၃၉ ရပြီးမြေအား အမည်ပေါက်(ဖခင်)ဖြစ်သူ ဦးခင်ဖေလင်းသည် (၁-၉-၂၀၂၂)ရက်တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်အမာစိန်သည် (၂၀-၃-၁၉၉၄) ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး ကွယ်လွန်သူ မိဘများတွင် သားသမီး(၄)ဦး ထွန်းကားခဲ့ရာ ဦးထွန်းနိုင်လင်းသည် (၁၀-၈-၁၉၉၈) ရက်တွင်လည်းကောင်း၊ ဦးထွန်းကြိုင်လင်းသည် (၂၀-၁၁-၂၀၁၀)ရက်တွင်လည်းကောင်း၊ ဦးကျော်နိုင်လင်းသည်(၁၅-၃-၂၀၁၇)ရက်တွင်လည်းကောင်း လူပျိုကြီးဘဝများဖြင့် ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိဘဲ အသီးသီးကွယ်လွန်သွားခဲ့ပြီး ကျန်ရစ်သူ သမီးအရင်း/ညီမအရင်းဖြစ်သူ ဒေါ်သက်ဝေလင်း [၇/တငန(နိုင်)၁၀၃၅၆၃]က မိမိတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း (၃-၁၁-၂၀၂၂)ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန်လွှာ (၁)စောင်၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အမည်ပေါက်စာချုပ်၊ Dr. ဦးခင်ဖေလင်း၏ သေစာရင်း၊ Dr.ဒေါ်အမာစိန်၏ သေစာရင်းမိတ္တူမှန်၊ ဦးထွန်းနိုင်လင်း၏ သေစာရင်းမိတ္တူမှန်၊ ဦးထွန်းကြိုင်လင်း၏ သေစာရင်း၊ ဦးကျော်နိုင်လင်း၏ သေစာရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီအုန်း(လက်ပံတန်း)
### အသက်(၉၄)နှစ်

စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း- ဒေါ်နီလာစိန်တို့၏ မိခင်ဖြစ်သူ ဒေါ်ရီရီအုန်း အသက် (၉၄)နှစ်သည် ၈-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ**
**ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်သိန်း
### အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နေ (ဒေါ်ယဉ်ယဉ်စမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဒေါက်တာနိုင်လင်း)၊ ဒေါက်တာကျော်စိုးညွန့် (ညွှန်ကြားရေးမှူး၊ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန)-ဒေါက်တာ သိင်္ဂီဝင်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးအောင်သိန်း အသက်(၉၂)နှစ် သည် ၁၃-၁၂-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် ၄:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ မြေကွက်အမှတ်(၆၇၄)၊ (အလျား ၄၀'x အနံ ၆၀')ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးနေလင်းအောင် [၁၂/လသယ(နိုင်) ၀၃၉၈၂၇] အမည်ဖြင့် ချထားပေးသည့် နှစ်(၆၀)ဂရန်မြေကွက်အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်အေး [၁၂/ဥကတ(နိုင်)၁၆၀၆၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသီတာမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်အေးမာ (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၆)**
**အမှတ်-၄၆၇၊ တပင်ရွှေထီးလမ်း၊ (၃၉/အေ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၃၉၄၇၀**

## “ကန့်ကွက်နိုင်ပါသည်”

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉၀)၊ ဇမ္ဗူသီရိလမ်း၊ မြေကွက်အမှတ်(၁၀၀)ဟု မှတ်သားတည်ရှိသော ဦးကြီးအောင် [၁၂/ဆကခ(နိုင်)၀၁၀၄၈၈] အမည်ပေါက် (၄၀ပေx၆၀ပေ) ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်**တို့ကို ဒေါ်ခင်ထွေး [၁၀/ကမရ (နိုင်)၀၁၆၈၅၇]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသောစာမှတ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသူရိန်ကျော် (ဥပဒေဘွဲ့) (စဉ်-၅၂၃၄၅) အထက်တန်းရှေ့နေ**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၀၇၉၀၀၆၁၆၊ ၀၉-၄၅၇၃၉၈၂၂၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ လူနေရပ်ကွက် အမှတ်-FMI City အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်-၄၀၇၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ စတုရန်းပေ (၂၄၀၀)ရှိ ဦးဟိန်းကိုကိုဦး [၁၂/စခန(ဧည့်)၀၀၀၁၉၂]နှင့် ဒေါ်စိုးမြတ်မြတ်ထက် [၁၂/စခန (နိုင်)၀၇၃၅၂၇]တို့ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ သဇင် (၃)လမ်း၊ FMI City အိမ်ရာ၊ အမှတ်(B-129) ဟုခေါ်တွင်သည့် နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** ဒေါ်တင်တင်လှ (ခ) WANG LAIN LAIN [၁၃/မဆတ(ဧည့်)၀၀၀၀၄၉]၊ ဦးဟိန်းကိုကိုဦး [၁၂/စခန(ဧည့်)၀၀၀၁၉၂]နှင့် ဒေါ်စိုးမြတ်မြတ်ထက် [၁၂/စခန(နိုင်)၀၇၃၅၂၇] တို့မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဇော် [၈/နမန(နိုင်)၁၄၃၀၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဟန်ဇော်လင်း (LL.B, D.B.L)** | **ဒေါ်နီနီအောင် (LL.B, D.I.L, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၃၃၆၁/၂၄-၁၀-၂၀၁၇)** | **(စဉ်-၁၃၈၁၃/၂၈-၁၁-၂၀၁၇)** |

**အမှတ်-၁၃၆၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၈၉၄၈၉၉၂၀၊ ၀၉-၄၂၀၀၈၅၁၃၂**

## ဦးအောင်သိန်း
### အသက်(၉၂)နှစ်
### တောင်ကြီးမြို့

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နေ (ဦးလူကလေး- ဒေါ်ငွေကျင်)တို့၏သား၊ (ဒေါ်ယဉ်ယဉ်စမ်း)၏ ခင်ပွန်း၊ (ဒေါက်တာနိုင်လင်း)၊ အမှတ်(၆/၄၂)၊ ပန်းနေကြာလမ်း၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၅)၊ တောင်ကြီး မြို့နေ ဒေါက်တာကျော်စိုးညွန့် (ညွှန်ကြားရေးမှူး၊ ကျန်းမာရေး လုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်)-ဒေါက်တာသိင်္ဂီဝင်း (မျက်စိအထူးကုဆရာဝန်ကြီး၊ စဝ်စံထွန်းဆေးရုံကြီး၊ တောင်ကြီးမြို့)တို့၏ ဖခင်၊ မမြတ်ပန်းသစ္စာကျော်၊ မထက်သိမ်မွေ့ကျော်တို့၏ ချစ်လှစွာသော အဘိုး ဦးအောင်သိန်းသည် ၁၃-၁၂-၂၀၂၂ ရက် နံနက် ၄:၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁၂-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီးမှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိန်အန်
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၆၈)၊ ၄-လွှာ၊ ကျောက်မြောင်းလမ်းနေ (ဦးအိမ်စိန်-ဒေါ်ကြင်)တို့၏သား၊ (ဒေါ်ထွေးထွေး)၏ခင်ပွန်း၊ ဒေါ်စန္ဒာဦး (မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ ဦးကျော်မိုး (ခေတ္တ-မလေးရှား)၊ ဦးကျော်ဇင်-ဒေါ်ကြည်ကြည်ဦးမြင့်၊ ဦးအောင်ကျော်စိုး (ခေတ္တ-မလေးရှား)တို့၏ မွေးသဖခင်၊ မြေး ငါးယောက်၊ မြစ် ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၂-၁၂-၂၀၂၂ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၄-၁၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၁)၊ မြေကွက်အမှတ်(၁၉၄၉/ခ)၊ မြေအကျယ်အဝန်း (၂၀x၆၀) ပေရှိ (၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အား ရန်ကုန်မြို့တော်စည်ပင် သာယာရေးတွင် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဖခင်ဖြစ်သူ ဦးရမ်းဘကျန်း [၇/ဖမန(နိုင်)၀၉၂၁၄၂]မှ သားဖြစ်သူ ဦးမူနားပရာဆတ် [၇/ဖမန(နိုင်) ၁၁၈၂၉၀]အား မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာနှင့် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကတိစာချုပ် ချုပ်ဆိုကာ ၎င်းပိုင်ဆိုင်မှုများအနက်မှ အပြီးအပိုင် လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ ဦးမူနားပရာဆတ်၏ လွှဲအပ်ချက်အရ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၈၉)**
**အမှတ်(၃၉၁/က)၊ တက္ကသိုလ်လာလမ်း၊ (၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၆၀၇၈၀၉၀၁၊ ၀၉-၇၈၆၅၄၅၀၄၀**

## ကန့်ကွက်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အမှတ်(၆၀၄)၊ ဧရိယာ(၄၀x၆၀)ပေ၊ ဆရာစံ- ၃ လမ်း အနောက်၊ စက်မြေရပ်ကွက်ရှိ အိမ်သည် မိဘ (၂)ပါးဖြစ်သော ဦးသန်းဝင်းနှင့် ဒေါ်အေးကြိုင်တို့ ကွယ်လွန်ပြီးသည့် နောက်တွင် မောင်နှမ (၅)ဦး၏ အမွေဆိုင်အိမ်ဖြစ်ပါသည်။ ထိုအမွေဆိုင် အိမ်အား အမွေဆိုင် သမီးလတ်ဖြစ်သူ ဒေါ်လဲ့လဲ့ဝင်း [၁၂/ဒလန(နိုင်) ၀၄၂၈၀၂]၏ သဘောတူခွင့်ပြုချက်မရှိဘဲ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် ပြုပြင်တည်ဆောက်ခြင်း အစရှိသည် တို့ကို မပြုလုပ်ရန် ကန့်ကွက်ကြောင်း အများသိစေရန် ကြော်ငြာအပ် ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ** |
| **ဒေါ်လဲ့လဲ့ဝင်း** | **ဦးခင်မောင်ထွေး (B.A, H.G.P, R.L)** |
| **[၁၂/ဒလန(နိုင်)၀၄၂၀၈၂]** | **အထက်တန်းရှေ့နေ (စဉ်-၂၃၃၂၀)** |

**၆/၁၇၇၃၊ မေခ(၄)လမ်း၊ ညောင်ကုန်းရပ်ကွက်၊**
**ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၇၁၈၃၇၂၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄-A၊ မြေကွက်အမှတ် ၁/က၊ ဧရိယာ(၁.၇၆၃)ဧက၊ မြေကွက်တည်နေရာအမှတ်- ၁/က၊ ကျန်စစ်သားလမ်း၊ အောင်ဇေယျအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ဦးကျော်ထွန်းအောင် [၁၄/ညတန(နိုင်) ၀၉၃၈၇၉]၊ ဒေါ်အိမ့်အိမ့်အောင်[၁၂/စခန(နိုင်)၀၅၅၇၈၄] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးကျော်ထွန်းအောင်၊ ဒေါ်အိမ့်အိမ့်အောင်တို့မှ ဂရန်(မူရင်း)တင်ပြ၍ မြေတိုင်းလျှောက်ထားလာခြင်းအား မြေစာရင်းရှိ ၂၀၁၆ ခုနှစ်၊ ဘဏ်ချေးမြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ မည်သည့်ဘဏ်တွင်မှ ချေးယူခြင်းမရှိကြောင်း၊ ၎င်းကူးယူခဲ့သည့် ဘဏ်ချေးမြေပုံ(မူရင်း)အား ၂၀၁၈ ခုနှစ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ကြောင်း၊ ဂရန်(မူရင်း)သည်လည်း ၎င်းတို့လက်ဝယ်တွင်ရှိပါကြောင်း အဆိုပါမြေကွက်အား အခြားသူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း လုံးဝမရှိပါကြောင်းနှင့် ဘဏ်ချေးမြေပုံကူးကိစ္စနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ဦးကျော်ထွန်းအောင်+၁ ကိုယ်တိုင်ကျိန်ဆိုထားသည့် ဝန်ခံကတိပြုကျမ်းကျိန်လွှာ တင်ပြလာသဖြင့် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်အေးနီချန်း
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ ပြည်ထောင်စုလမ်းသွယ်၊ အမှတ်(၁၁-ခ) နေ (ဦးလွန်ချန်း- ဒေါ်လှေကြွယ်)တို့၏ သမီး၊ (ဒေါ်လှိုင်ငွါ)၊ (ဦးဇုတ်လျန်)၊ ဦးမိုက်ကယ်ဇုတ်စိန်၊ ဦးပီတာဇုတ်အွန်တို့၏ ညီမ၊ (ဦးဂျိုးဇတ်ရော်ဘင်)၊ ဒေါ်စီစီလျာရိုစီချန်းတို့၏ အစ်မ၊ ဒေါက်တာဝင်းချို၏ ချစ်လှစွာသောဇနီး၊ မောင်ငြိမ်းချမ်းချို၊ မနှင်းစန္ဒီချို၊ မစိုးရတနာချိုတို့၏ ချစ်လှစွာသော မိခင်သည် ၁၂-၁၂-၂၀၂၂ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာ၊ တိုက်အမှတ်(B-11)၊ အခန်းအမှတ်(၄၀၄)၊ အကျယ်အဝန်း (၆၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း (၁)ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်တွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံ နေထိုင်ခွင့် အမည်ပေါက် **ဒေါ်ထားထားအောင် [၇/သဝတ(နိုင်)၀၃၁၇၇၂]**မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၇၃၁)၊ မြေကွက်တည်နေရာ အမှတ်(၇၃၁)၊ ဦးကြော့လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးစန်းမောင်) PDE-၀၆၉၃၅၄ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးစန်းမောင်(ဖခင်)နှင့် ဒေါ်ခင်စန်း(မိခင်)တို့ ကွယ်လွန်ခဲ့ပြီး ကွယ်လွန်သူ မိခင်/ဖခင်တို့တွင် မွေးချင်းများအဖြစ် (၁) ဦးမိုးကျော်ဦး [၁၂/ကမရ(နိုင်)၀၂၄၃၁၉]၊ (၂) ဦးသန်းကျော်ငွေ [၁၂/ကမရ (နိုင်)၀၂၃၄၆၃]၊ (၃) ဦးမြင့်ကျော်[၁၂/ကမရ(နိုင်)၀၂၄၆၀၄]၊ (၄) ဦးဝင်းကျော် [၁၂/ကမရ(နိုင်)၀၂၄၁၂၆]၊ (၅) ဒေါ်ယဉ်ယဉ်စန်း [၁၂/ကမရ (နိုင်)၀၁၁၉၅၄]၊ (၆) ဒေါ်ညွန့်ညွန့်စန်း [၁၂/ကမရ(နိုင်)၀၁၁၃၉၁]၊ (၇) ဦးမျိုးမင်း[၁၂/ ကမရ(နိုင်)၀၅၅၈၅၄]တို့ကို မွေးဖွားခဲ့ပြီး ၎င်းတို့အနက်မှ မွေးချင်းတစ်ဦးဖြစ်သူ ဦးသန်းကျော်ငွေသည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်မောင်နှမ (၆)ဦးထဲတွင် ကိုယ်တိုင်နှင့် ကျန်(၅)ဦး၏ (Gp)ရသူ ဦးမြင့်ကျော်က မိခင်/ဖခင်နှင့် ဦးသန်းကျော်ငွေ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ကတ်၊ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ၊ ပါဝါကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၁)၊ ရွှေလီလမ်း၊ မြေကွက်အမှတ် (၆၂၀)ဟုခေါ်တွင်သော ဒေါ်ကိသရထေရီ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်၊ အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိန်းသိန်းဆင့် [၁၂/သလန(နိုင်)၁၀၂၁၀၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဇင်သန်း [၇/မညန(နိုင်)၀၇၁၅၅၁]က ဝယ်ယူရန်အတွက် “**နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်**”ကို ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဇင်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**အဓိပတိ Law Firm**
**ဦးအောင်ဖြိုးလတ်(LLB)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၅) ဦးဖြိုးဝေဦး(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၃၁၂၉)**
**အမှတ်(၁၀၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-770052185, 09-263737498**


## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

Hot Plate သုံး၍ ရေနွေးအိုး တည်ပါက၊ ရေနွေးဆူမှတ်ထက် အချိန်ကျော်လွန်မှ လူက မီးခလုတ်ကို ပိတ်နိုင်၍ လျှပ်စစ်အသုံးပိုစေပါသည်။



➢ ရေဆူမှတ်ရောက်သည်နှင့် ခလုတ်ကို အလိုအလျောက် ပိတ်စေသော ရေနွေးတည်ခရားကို သုံးခြင်းဖြင့် လျှပ်စစ်ကိုချွေတာသင့်ပါသည်။




**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ MSME **လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကို ဗဟိုပြုသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင် ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း....**

❖ **မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်ကြောင်း....**

❖ **ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်း၏ အခန်းကဏ္ဍသည် တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း....**

( အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ် H.E. Mr. Nikolay SPASSKIY ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ် H.E. Mr. Nikolay SPASSKIY ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံလျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ROSATOM ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၏

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

## AFF Cup ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း ပဏာမကစားသမား ၂၆ ဦး ရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ၂၀၂၂ AFF Cup ပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၆ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ထိုင်းခရီးစဉ်အပြီး တစ်ရက်အကြာမှာပင် ပဏာမကစားသမားအချို့လျှော့ချကာ ကစားသမား ၂၆ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၁၃ ရက်က ထုတ်ပြန်လိုက်သည့် မြန်မာ့လက်ရွေးစင်အသင်း ပဏာမလူစာရင်းတွင် ပြည်တွင်းကလပ်များ၌ ကစားနေသူ ၂၀ နှင့် ပြည်ပကလပ်များတွင်

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖**

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရောဝတီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ၂ ရက်တာ ပုသိမ်မြို့ရှိ မြို့တော်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မိမိတို့၏ထုတ်ကုန်များကို ယုံကြည်စိတ်ချစွာ လာရောက်ယှဉ်ပြိုင်ရောင်းချနိုင်ကြောင်း သိရသည်။ သတင်းစဉ်

ယနေ့ ဖတ်စရာ

အားရပါးရ အားထုတ်မယ်
စာမျက်နှာ » ၁၈

ပါရမီဆယ်ပါးမင်္ဂလာ
စာမျက်နှာ » ၁၉




အခန်းဆက် ဝတ္ထုရှည်
စာမျက်နှာ » ၂၀